# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၄၈)


# ဘင်းမ်စတက်ပြည်သူများ၏ မျှော်လင့်ချက်များပြည့်ဝစေရန် ဒေသဆိုင်ရာပေါင်းစည်းမှုလုပ်ငန်းတွင် ပါဝင်မည်

နေပြည်တော် ဇွန် ၇

ဇွန် ၆ ရက်တွင် ကျရောက်သည့် ဘင်းမ်စတက်အဖွဲ့ တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါသည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှပေးပို့သော ဘင်းမ်စတက်အဖွဲ့တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်နေ့သဝဏ်လွှာ**

ယနေ့သည် တန်းတူညီမျှမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်မှုများမှ တစ်ဆင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရန် ဖွဲ့စည်းခဲ့သော ဘင်္ဂလားပင်လယ်အော် ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ဘင်းမ်စတက်အဖွဲ့ (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation - BIMSTEC) တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်နေ့ ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖက်ဒရယ်နိုင်ငံများဖိုရမ် တက်ရောက်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖက်ဒရယ်နိုင်ငံများဖိုရမ်၌ ကျေးဇူးတင်စကားပြောကြားစဉ်

**အော်တာဝါ ဇွန် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၆ ရက် ညနေပိုင်းက ကနေဒါနိုင်ငံ အော်တာဝါ မြို့ Andaz Ottawa Market Hotel ၌ ဖက်ဒရယ်နိုင်ငံများဖိုရမ်မှ စီစဉ်သော ကနေဒါနိုင်ငံ၌ ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏ အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ ကနေဒါနိုင်ငံမှ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁*




မြန်မာ့အလင်း

# ပြည်ထောင်စုလွှတ်တော်၏ ခြေလှမ်းသစ်

၂၀၁၇ခုနှစ် ဇွန်လ ၆ရက်နေ့၌ ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက အာရှဒေသသစ်တော ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ နိုင်ငံတော်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအခြေအနေအရပ်ရပ်အရ သစ်တောပြုန်းတီးမှု ကျယ်ပြန့်ကြီးမားနေသော ပစ္စုပ္ပန်အခြေအနေ၌ ပြည်ထောင်စုလွှတ်တော်၏ ဤသဘောတူအတည်ပြုကြောင်းဆုံးဖြတ်ချက်သည် တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်ဖော်ဆောင်သည်သာမက အနာဂတ်အတွက်လည်း ကောင်းမွန်သော အုတ်မြစ်ကို ပန္နက်ချမှတ်လိုက်ခြင်းဖြစ်ပါသည်။

ပြုန်းတီးသွားသည့်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်းအတွက် ငွေကြေးအရင်းအနှီးတို့ လိုအပ်သည်သာမက နည်းပညာကျွမ်းကျင်မှုလည်း လိုအပ်ပါသည်။ ထို့အပြင် သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရာ၌ စဉ်းစားသင့် စဉ်းစားထိုက်သော ရှုထောင့်အရပ်ရပ်ကိုလည်း မဖြစ်မနေထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ဤအချက်များက မြန်မာနိုင်ငံ၏ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရာ၌ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေသည်ကို ထောက်ပြနေပါသည်။ လက်တွဲရယူရမည့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိရမည် ဖြစ်ပါသည်။

အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းသည် ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် အဖွဲ့အစည်းဖြစ်ပါသည်။ အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့၌ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက သစ်တောများရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရသောလုပ်ငန်းစဉ်များဆိုင်ရာ နှစ်စဉ်လုပ်ငန်းလည်ပတ်စရိတ် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို ကိုရီးယားသမ္မတနိုင်ငံက ထည့်ဝင်မည်ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ပြန်လည်ပြုစု ပျိုးထောင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက နှစ်စဉ်လုပ်ငန်းလည်ပတ်စရိတ် စုစုပေါင်း၏ ၁ ရာခိုင်နှုန်း (သို့မဟုတ်) ပုံသေသတ်မှတ်ထားသော ငွေကြေးပမာဏတစ်ရပ်ကိုသာ ထည့်ဝင်ရမည် ဖြစ်ပါသည်။

သစ်တောများ ရေရှည်တည်တံ့ခြင်းဟူသည် ဇီဝမျိုးကွဲမျိုးစုံ ထိန်းသိမ်းနိုင်ခြင်းကိုလည်း စွမ်းဆောင်ပေးပါသည်။ ရာသီဥတုပြောင်းလဲမှုကိုလည်း လျှော့ချပေးပါသည်။ သဲကန္တာရဖြစ်ထွန်းမှုကိုလည်း ကာကွယ်ပေးပါသည်။ မြေဆီသြဇာတို့ကိုလည်း ထိန်းသိမ်းမြှင့်တင်ပေးပါသည်။ ဤမျှသော စွမ်းဆောင်မှုတို့ကို ကြည့်ရုံမျှဖြင့်ပင် သစ်တောများ ရေရှည်တည်တံ့ခြင်း၏ အကျိုးကျေးဇူးများပုံကို သိရှိနိုင်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်၏ အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းမှုကို လေးလေးနက်နက် ကြိုဆိုထောက်ခံကြောင်း တင်ပြအပ်ပါသည်။

# မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ကျောက်ထုတွင် စာသင်ကျောင်း စစ်ဆေး

**ကျောက်ထု ဇွန် ၇**

မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့်အတူ ဇွန်လ ပထမပတ်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့ မြို့မမူလတန်းကျောင်းနှင့် အထကကျောင်းများသို့ ရောက်ရှိပြီး ကျောင်းဆောင်များအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျောက်ထု အထက ကျောင်းဆောင်များသည် ကျောင်းသားအင်အားနှင့် မျှတမှုမရှိသဖြင့် ကျောင်းဆောင်သစ်များ ရရှိလိုကြောင်း၊ ထို့အပြင် မြို့မ မူလတန်း ကျောင်းဆောင်များသည် ပြည်တော်သာစီမံကိန်းကာလက ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်များဖြစ်သည့်အတွက် ဟောင်းနွမ်းနေပြီဖြစ်ရာ ပြန်လည်အသစ်ဆောက်လုပ်လိုသည်ဟု တင်ပြခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မျိုးဆက်သစ်ဘောလုံးနည်းပြ သင်တန်းဖွင့်လှစ်




**မန္တလေး ဇွန် ၇**

Youth Development Pilot Project Committee မှ ကြီးမှူးဖွင့်လှစ်သည့် မျိုးဆက်သစ်နည်းပြ သင်တန်း သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်က "ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ မျိုးဆက်သစ်ဘောလုံးသမားတွေ ဖြစ်လာရင် မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ ဘောလုံးသမားကောင်းတွေ ပေါ်ထွန်းလာနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီ pilot project ကို လုပ်ကြတာဖြစ်တယ်။ ယခု pilot project ကို လုပ်တဲ့သူမှာ တာဝန်ရှိသလို ကျွန်တော်တို့ အားလုံးမှာလည်း တာဝန်ရှိပါတယ်။ ဘောလုံး အကယ်ဒမီကျောင်းတွေကနေ မျိုးဆက်သစ် အားကစားသမားတွေ မွေးထုတ်ပေးနေတာဖြစ်တယ်။ ဒီနေ့ နည်းပြဆရာတွေက ကလေးတွေအတွက် ထုစစ်တဲ့သူတွေပါ၊ ကလေးတွေကို ဘောလုံးကန်တဲ့ နည်းစနစ်ပေးတာနဲ့အတူ ကလေးတွေရဲ့နေထိုင်ပုံပါ သင်ပေးစေချင်တယ်။ ပြိုင်ပွဲတွေလည်း လုပ် ပေးရမှာဖြစ်တယ်၊ အစိုးရအဖွဲ့ကလည်း ယခု pilot project ကို တတ်နိုင်သမျှ အားပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ သင်တန်းအား YDPP ကော်မတီမှ သင်ကြားရေးနည်းစနစ်ပိုင်း အဖွဲ့ခေါင်းဆောင် ဦးဘန်နီတင်အောင်၊ ဦးအေးမောင်ကြီး အပါအဝင် ဆရာ ငါးဦးမှ နည်းပြသင်တန်းသား ၃၀ တို့ကို ငါးရက်တိုင် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းဆင်းနည်းပြများကလည်း အခြေခံပညာကျောင်းများမှ ကျောင်းသား ၃၅၀ တို့အား ဘောလုံးပညာ ဆက်လက်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဂျပန်သံအမတ်တို့အဖွဲ့ မြန်မာ-အိန္ဒိယချစ်ကြည်ရေး တံတားကို သွားရောက်ကြည့်ရှု

**ရိခေါ်ဒါရ် ဇွန် ၇**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အတွင်းရေးမှူး၊ ဂျပန်သံ အမတ် Mr. Tateshi Higuchi နှင့် အဖွဲ့သည် ဇွန် ၄ ရက်က ရိခေါ်ဒါရ်မြို့သို့ ရောက်ရှိပြီး ရိဒ်ရေကန်နှင့် ရိဒ်ရေကန် ဘေးပတ်ဝန်းကျင် သဘာဝအလှကို ကြည့်ရှုခဲ့သည်။

ဇွန် ၅ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဂျပန်သံအမတ်တို့ အဖွဲ့သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဂျပန်သံအမတ်နှင့်အဖွဲ့သည် ရိဒ်-တီးတိန်လမ်းကြောင်းအတိုင်း ဆက်လက်ထွက်ခွာသွားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရိခေါ်ဒါရ်မြို့ အဆင့်မြင့်ဈေးလျာထား မြေနေရာ၊ ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်းမှ စိုက်ထူထားသော ရာပြည့်ကျောက်တိုင်မြေနေရာ၊ ရိဒ်ရေကန် ရေထွက်ပေါက်နေရာ၊ ရိဒ်ရေကန် လယ်ကွင်းဘေးနား မြေပြိုသည့် ကုလားချောက်နေရာနှင့် အမှတ်(၁) ရပ်ကွက် ရဟတ်ယာဉ်ကွင်းအနီးရှိ အဲမ်ပီတီ (MPT) တာဝါတိုင်တည်ဆောက်သည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပညာရေးမြှင့်တင်မှု အလုပ်ရုံဆွေးနွေး

**မအူပင် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင် တက္ကသိုလ်ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း IQA စနစ် ဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လပထမပတ်က တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ် (၁၂)ဌာနမှ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခ များ၊ တွဲဖက်ပါမောက္ခများနှင့် သင်ကြားစီမံဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၇-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

### ရှေ့ဖုံးမှ

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် မိမိအနေဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဘင်းမ်စတက်အဖွဲ့၏ အမည်နာမတွင်ပင် အဖွဲ့၏ ဦးစားပေးဆောင်ရွက်သည့် ကဏ္ဍများကို ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်ပါသည်။ ဘင်းမ်စတက်အဖွဲ့သည် ကနဦးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် စတင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဘင်းမ်စတက်အဖွဲ့သည် ပေါင်းစည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အရှိန်အဟုန်ကောင်းများလည်း ရရှိလျက်ရှိပါသည်။ လူဦးရေ ၁ ဒသမ ၅ ဘီလီယံခန့် နေထိုင်သော ဈေးကွက်ကြီးနှင့်အတူ စုစုပေါင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံအထိရှိသော ဘင်းမ်စတက်အဖွဲ့သည် ဒေသတွင်းစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ကြီးမားသည့် အလားအလာကောင်းများရှိပါသည်။

ဘင်းမ်စတက်အဖွဲ့အား စတင်တည်ထောင်ဖွဲ့စည်းခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ကတည်းက ရရှိခဲ့သည့် အောင်မြင်တိုးတက်မှုများကြောင့် ဘင်းမ်စတက်အဖွဲ့ကြီးအား ချီးကျူးဂုဏ်ပြုထိုက်ပါသည်။ မိမိတို့အနေဖြင့် ဘင်းမ်စတက်အဖွဲ့၏ ငြိမ်းချမ်း၍ တိုးတက်ကြွယ်ဝသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ဘင်းမ်စတက်အဖွဲ့ဝင် ပြည်သူများနှင့် အစိုးရများက ဆောင်ရွက်ရမည့်ကိစ္စများ များစွာကျန်ရှိနေသေးသည်ကိုလည်း သတိပြုမိပါသည်။ မိမိအနေဖြင့် မိမိတို့ ကြုံတွေ့ရမည့် အဆိုပါစိန်ခေါ်မှုများကို အတူတကွ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

အရှေ့တောင်အာရှနှင့် တောင်အာရှအကြားကုန်းတွင်း တံတားသဖွယ် တည်ရှိနေသော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပြည်သူများ၏ မျှော်လင့်ရည်မှန်းချက်များကိုပြည့်ဝစေရန်နှင့် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဒေသဆိုင်ရာ ပေါင်းစည်းမှုလုပ်ငန်းစဉ်တွင် ဆက်လက်၍ တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အောင်ဆန်းစုကြည်**

**၂၀၁၇ခုနှစ် ဇွန်လ ၆ ရက်**
**နေပြည်တော်**

### ရှေ့ဖုံးမှ

ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုဆွေးနွေးပွဲသည် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးသည့်အတွက် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး လုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူပြုပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လေ့လာရေးနှင့် ဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ငြိမ်းချမ်းရေးကော်မရှင်၊ မြန်မာနိုင်ငံဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်ငါးဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ကိုယ်စားလှယ် လေးဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် လေးဦး၊ ‘ဝ’အထူးဒေသနှင့် မိုင်းလားအထူးဒေသတို့မှ ကိုယ်စားလှယ် တစ်ဦးစီ တက်ရောက်လျက်ရှိသည်။

ဖက်ဒရယ်နိုင်ငံများ ဖိုရမ်သည် ကနေဒါနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စတင်၍ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖက်ဒရယ်အုပ်ချုပ်မှုနှင့် စပ်လျဉ်းသော အသိပညာများ တိုးမြှင့်လာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် စည်းမျဉ်းများကို လက်တွေ့ အကောင်အထည်ဖော်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရေးတွင် သက်ဆိုင်သူများ၏ အုပ်ချုပ်မှုစွမ်းရည် တိုးမြှင့်လာရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရနှင့် လွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မီဒီယာနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ကျင်းပပေးလျက်ရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖက်ဒရယ်နိုင်ငံများ ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ တွေ့ရစဉ်**
(သတင်းစဉ်)

# ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Myanmar Investment Forum 2017 သို့ တက်ရောက်ခဲ့သည့် Investor Development Association ၏ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ သို့ တက်ရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (One Belt One Road) အစီအစဉ်တွင် တက်ကြွစွာ လိုက်ပါဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့် အခြေအနေများ၊ အလားအလာရှိသော ကုန်သွယ်မှုဆိုင်ရာကဏ္ဍများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နေပြည်တော် ကျေးရွာသစ်စီမံကိန်း အစာစပ်သင်တန်း၌ ကိုရီးယားပညာရှင်များ သင်ကြား

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် ဝက်မွေးမြူရေးနှင့် အစာစပ်သင်တန်းကို လယ်ဝေးမြို့နယ် သော်မော်ကုန်းကျေးရွာသစ် စီမံကိန်းခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မွေးမြူရေးနှင့် အစာစပ်သင်တန်းတွင် ကျေးရွာသစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၄၀ မှ သင်တန်းသားများ တက်ရောက်ကြကာ စိုက်ပျိုးရေးမှ ဝင်ငွေရရှိရေးအပြင် အိမ်တိုင်း တစ်ပိုင်တစ်နိုင်မွေးမြူရေးဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အစားအစာတန်ဖိုး တွက်ချက်ပြီး မွေးမြူနိုင်ရေးတို့အား ကိုရီးယားမွေးမြူရေးပညာရှင်များက ရှင်းလင်းဟောပြောခဲ့သည်။



အဆိုပါ သင်တန်းသို့ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းစိုက်ပျိုးရေး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးတို့မှ ဦးစီးအရာရှိများနှင့် သင်တန်းသား တောင်သူ ၁၀၀ ကျော် တက်ရောက်ကြပြီး Power Point ဖြင့် ရှင်းလင်းသင်ကြားမှုကြောင့် တောင်သူများ ဝက်မွေးမြူရေးဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ခိုင်မာလိုသည့်ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

မြန်မာနိုင်ငံနှင့် ဂီနီနိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့်ကုလသမဂ္ဂဆိုင်ရာ ဂီနီအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၇ ခုနှစ် ဇွန် ၆ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂီနီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၀)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံ ဖြစ်ပါသည်။ **(သတင်းစဉ်)**

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

**အော်တာဝါ ဇွန် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကနေဒါနိုင်ငံ အော်တာဝါမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဖက်ဒရယ်နိုင်ငံများဖိုရမ်မှ စီစဉ်သော ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာ အစီအမံများနှင့် သဘာဝ သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲ၌ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်နှင့် ညီမျှစွာခွဲဝေခြင်း၊ သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲခြင်း ခေါင်းစဉ်ငယ်များခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနိုင်ငံ လွှတ်တော်အဆောက်အအုံ၌ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခရစ်ရှာ ဖရီးလန်း(စ်) အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခြင်း၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဥက္ကဋ္ဌများအား သီးခြားတွေ့ဆုံခြင်း၊ ကနေဒါလွှတ်တော် စာကြည့်တိုက်သို့လေ့လာခြင်း၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စမာရီကလော့ဒ်ဘေဖူးနှင့် တွေ့ဆုံခြင်း၊ ညနေပိုင်းတွင် အော်တာဝါမြို့ရှိ မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာအစီအမံများနှင့် သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်စဉ် (သတင်းစဉ်)

# (၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပ




(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီး အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ် (သတင်းစဉ်)

**ချင်းတောင် ဇွန် ၇**

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး ဒုတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေး ဒုတိယနေ့ Plenary Session 4 ကို Media for No Poverty; Creating Public Awareness and Engagement ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Hon. Hasanul Haq Inu၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ningxia TV မှ ဒုတိယဥက္ကဋ္ဌ Mr. Zhongqi Niu၊ မလေးရှား Taylor's တက္ကသိုလ်မှ Assoc; Prof; Dr. Ramachndran Ponnan နှင့် ဖိလစ်ပိုင်နိုင်ငံမှ Under-secretary and Executive Director Mr. Jose Joel Maguiza Sy Egco တို့ ပါဝင်ဆွေးနွေးကြပြီး ကာတာနိုင်ငံ အယ်လ်ဂျာဇီးယား အင်္ဂလိပ်ပိုင်း အကြီးတန်းသတင်းကြေညာသူ Mr. Sami Zeidan က ဆွေးနွေးပွဲ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ပုံနှိပ်ထုတ်ဝေရေး၊ ရေဒီယို၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားစီမံခန့်ခွဲရေးဌာန ဒုတိယဝန်ကြီး Mr. Tong Gang နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စာရေးဆရာများ အပြန်အလှန်လေ့လာရေးနှင့် စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံတကာ အသံလွှင့်ဌာန (CRI) မှ ဒုတိယအယ်ဒီတာချုပ် Ms. Li Pang နှင့် တွေ့ဆုံပြီး ရုပ်သံလွှင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Hon. Hasanul Haq Inu နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံမီဒီယာဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ဆက်သွယ် ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားအဆင့် မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းကောက်ယူရေးအတွက် ကြီးကြပ်သူ/ စာရင်းကောက် သင်တန်းဖွင့်

**မန္တလေး ဇွန် ၇**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် UNODC တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၇×၅၃ လမ်းထောင့်ရှိ HOTEL HAZEL၌ အမျိုးသားအဆင့်မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းကောက်ယူရေးအတွက် စတုတ္ထအကြိမ် ကြီးကြပ်သူ၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအား ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စီမံကိန်းဌာနမှ ဌာနခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲ (၁) မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ဆန်း၊ UNODC မှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာ ဇင်ကိုကိုလင်းနှင့် ဒေါက်တာ ချိုချိုလွင်၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာ လဲ့လဲ့ဝင်း၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးစောလတ်ထွန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ငါးခုမှ သင်တန်းသား သင်တန်းသူ ၄၇ ဦးနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၅၅ ဦးတက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ဟားခါး ဇွန် ၇**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားရေးအခြေအနေများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင် (Frame Work of Eco-nomic and Social Reform )ကို ဦးစွာချမှတ်ခဲ့ပြီး FESR ၏ မူဘောင်အတွင်း နိုင်ငံတော်အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁) အထိ အနှစ် ၂၀ စီမံကိန်းကိုလည်း ရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်ရည်မှန်းပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို အောက်ခြေမှတင်ပြလာမှုအပေါ် အခြေခံညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံပိုင်အခန်းကဏ္ဍများသာမက ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကိုပါ ဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်နေသည့်အတွက် ဌာနဆိုင်ရာများ၊ ကော်မတီဝင်များအနေဖြင့် မိမိတို့ဌာနဆိုင်ရာလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရမည့်အပြင် ပုဂ္ဂလိကပိုင်လုပ်ငန်းရှင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း မိမိတို့၏လုပ်ငန်းတာဝန်အဖြစ် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ ချင်းပြည်နယ်တစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝိကောက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်စီမံကိန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ချင်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းလျာထားမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ဟားခါး၊ ဖလမ်း၊ မင်းတပ်ခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့သည်။

ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၉ ဒသမ ၇၄၂ ဘီလီယံနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၆၇ ဒသမ ၉၇၈ ဘီလီယံ လျာထားအသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ချင်းပြည်နယ်၏ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကျပ်ခုနစ်သိန်းခုနစ်သောင်းကျော် ဖြစ်ပေါ်လာရန် ရည်မှန်းထားကြောင်း ပြည်နယ်စီမံကိန်းဦးစီးဌာနမှ သိရသည်။



**(ပြည်နယ် ပြန်/ဆက်)**

# ဂျာမနီနိုင်ငံအခြေစိုက် KAS နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Konrad- Adenauer Stiftung (KAS)မှ အထူးကိုယ်စားလှယ် Dr. Norbert Eschborn နှင့် အဖွဲ့အားယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဂျာမနီနိုင်ငံအခြေစိုက် Konrad- Adenauer Stiftung (KAS)နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် "Public Relations and Media Relations''နှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်သောသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ ကာကွယ်ဆေးအသစ်များ ထည့်သွင်းထိုးနှံပြီး ကူးစက်ရောဂါများမှ ပိုမိုကာကွယ်နိုင်စေရန် ဆောင်ရွက်နေသကဲ့သို့ ရောဂါအမြစ်ပြတ်အောင် ဆောင်ရွက်ရာတွင်လည်း ပိုလီယိုအကြောသေရောဂါကို ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဇွန် ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသော ဒေသဆိုင်ရာ ပိုလီယိုရောဂါပပျောက်ရေး ဆရာဝန်များနှင့် အထူးရောဂါနှိမ်နင်းရေးဆရာဝန်များအတွက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါကင်းစင်ပပျောက်ရေးအတွက် Polio Eradication and Endgame Strategic Plan (2013-2018) အရ ၂၀၂၀ ခုနှစ်တွင် တစ်ကမ္ဘာလုံး ပိုလီယိုရောဂါကင်းစင်အောင် စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင် ၂၀၁၄ ခုနှစ်၌ ပိုလီယိုအရိုင်းပိုးကင်းစင်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ရာတွင် ယခုကဲ့သို့ ပိုလီယိုအရိုင်းပိုးကင်းစင်သည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ပေးခဲ့သော နည်းဗျူဟာများဖြစ်သည့် လတ်တလော ပျော့ခွေအကြောသေရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းအားဖြည့်ဆောင်ရွက်ခြင်း၊ အပိုဆောင်းကာကွယ်ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပိုမိုထိရောက်စွာကြပ်မတ်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

RSO များအနေဖြင့် လတ်တလော ပျော့ခွေအကြောသေရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ဝက်သက်ရောဂါအပါအဝင် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများ၊ ကပ်အသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ၊ အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ၊ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်နေခြင်းကို အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်းနှင့် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများတွင် ဦးစားပေးဆောင်ရွက်ကြပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Stephan paul Jest က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး၊ ကူးစက်) ဒေါက်တာသန်းထွန်းအောင်က ဒေသဆိုင်ရာ ပိုလီယိုရောဂါပပျောက်ရေး ဆရာဝန်များနှင့် အထူးရောဂါနှိမ်နင်းရေးဆရာဝန်များ၏ လုပ်ငန်းတာဝန်လေးရပ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကူးစက်ရောဂါနှိမ်နင်းရေးဌာနခွဲနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လွိုင်ကော်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇွန် ၇**

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်သည် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ဌေးမြင့်အေး၊ လွိုင်ကော်ခရိုင်တရားသူကြီး ဒေါ်ညွန့်ညွန့်ဝင်းတို့နှင့်အတူ ဇွန် ၇ ရက် နံနက် ၁၀ နာရီက လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

တရားသူကြီးချုပ်သည် အကျဉ်းသား၊ အချုပ်သားများကို တွေ့ဆုံမေးမြန်း၍ ဥပဒေပါအခွင့်အရေးများရရှိမှု၊ လွတ်လပ်စွာကိုးကွယ်မှု၊ ကျန်းမာညီညွတ်စွာနေထိုင်စားသောက်ရမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများထိန်းသိမ်းသင့်သည့် အရေအတွက်ထက် များစွာပိုမိုနေသည့်ကိစ္စကို တင်ပြအဖြေရှာသင့်သည်ဟု အကြံပြုခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**သထုံ ဇွန် ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိပ်ဆိပ်တိုက်နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဇွန် ၇ ရက် နံနက်ကစတင်ကာ သုဝဏ္ဏဝတီမြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဒီလိုလုပ်ငန်းတွေက ကျန်းမာရေးဌာနတစ်ခုတည်းနဲ့ လုပ်ဖို့မဖြစ်နိုင်ပါဘူး။ ပြည်သူတွေအားလုံးပါဝင်မှ အောင်မြင်မှာပါ။ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတွေ ဘာကြောင့်လုပ်ရသလဲဆိုတာကို လူတိုင်းနီးပါးနားလည်ကြတယ်။ လက်တွေ့မှာတော့ လိုက်လုပ်တဲ့သူက အတော်လေးနည်းတယ်။ ဒါတွေကို မိမိအိမ်နဲ့မိမိဝန်းကျင်မှာ မိမိကိုယ်တိုင် အရင်ဆုံးလုပ်ရမှာပါ''ဟု သထုံခရိုင် ကျန်းမာရေးမှူး ဒေါက်တာ ဒေါ်သင်းသင်းအိက ပြောသည်။

ယခင်နှစ်က သထုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့သူ နှစ်ဦးသာရှိခဲ့သော်လည်း ယခုနှစ်တွင် လက်ရှိအချိန်အထိ ရောဂါဖြစ်ပွားသူသုံးဦးရှိပြီဖြစ်ရာ ဖြစ်ပွားမှုနှုန်းများလာကြောင်း၊ ပြည်သူများအနေဖြင့် သွေးလွန်တုပ်ကွေးဖြစ်သည့်ခြင်များ ပေါက်ပွားမှုမရှိစေရန်အတွက် အထူးဂရုပြုကာ ဌာနနှင့်အတူ ပူးပေါင်းနှိမ်နင်းကြစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါနေ့တွင် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူတို့နှင့်အတူ သိမ်ဆိပ်ရပ်ကွက် ရွှေလှေတန်းပိုင်းနှင့် ဒုံဝန်းကျေးရွာအုပ်စု ကမာစိုင်ကျေးရွာတို့ရှိ နေအိမ်ခြံဝင်းများအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ရေတွင်းရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်နှင့် ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းများကို တစ်အိမ်တက်ဆင်း လိုက်လံဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**



သိမ်ဆိပ်တိုက်နယ် ကျန်းမာရေးဌာနအနေဖြင့် အဆိုပါလုပ်ငန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပြည်သူများနှင့်ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရောဂါကြိုတင်ကာကွယ်ရေးအဖြစ် မေလအတွင်းက ဆေးစိမ်ခြင်ထောင် ၇၅၀၀ ကျော်ကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ ယခုနှစ်တွင် လက်ရှိအချိန်အထိ သိမ်ဆိပ်တိုက်နယ်ဆေးရုံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၍ လာရောက်ကုသမှုခံယူသူမရှိသေးကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မန္တလေးမြို့တော်စည်ပင်မှ ရေခွန်နှုန်းထားများ တစ်ဆကျော်တိုးမြှင့်ကောက်ခံမည်

**မန္တလေး ဇွန် ၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်အတွင်း ရေဖြန့်ဝေပေးနေသည့် ရေမီတာနှုန်းထားများကို လက်ရှိကောက်ခံနေသည့် တစ်ယူနစ်လျှင် ၈၅ ကျပ်မှ ယခု ဘဏ္ဍာနှစ်ဖြစ်သော ဧပြီ ၁ ရက်မှစ၍ ၂၀၀ ကျပ်သို့ တိုးမြှင့်၍ ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကောက်ခံနေသည့် နှုန်းထားများဖြင့် ရေဖြန့်ဝေနေမှုအပေါ် မန္တလေးမြို့တော်စည်ပင်မှ တစ်လလျှင် ငွေကျပ် သိန်းတစ်ထောင်ကျော် စိုက်ထုတ်သုံးစွဲနေရသည့်အတွက် ယခုကဲ့သို့ တိုးမြှင့်ရသည့်အပြင် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင်လည်း ရေဖြန့်ဝေပေးနိုင်ရန် ပိုက်လိုင်းများသွယ်တန်းမှုမှာ ၃၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည့်အပြင် ရေမီတာများလည်း ချထားပေးနေပြီဖြစ်သည့်အတွက် ယင်းနေရာများသို့ ရေလုံလောက်စွာပေးဝေနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ တိုးမြှင့်ကောက်ခံခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

"မီတာရေပေးဖို့ ရေတွန်းစက်ရုံတွေမှာ စက်တွေမောင်းနှင်ရတဲ့ ကုန်ကျစရိတ်က တစ်လကို ငွေကျပ် သိန်းပေါင်းသုံးထောင်လောက်ကုန်နေတယ်။ ပြန်ကောက်လို့ရတဲ့ငွေက တစ်လကို ငွေကျပ် သိန်းတစ်ထောက်ကျော်သာ ပြန်ရတယ်။ ငွေကြေးဆုံးရှုံးမှုက များနေပါတယ်။ အခုတိုးမြှင့်ကောက်ခံတဲ့ နှုန်းထားက မန္တလေးတိုင်းဒေသကြီးအတွင်းက ညောင်ဦး၊ တောင်သာ၊ မြင်းခြံ၊ တံတားဦး စတဲ့ မြို့တွေမှာ စည်ပင်ဌာနတွေက တစ်ယူနစ်ကို ၂၀၀ ကျပ်နှုန်းနဲ့ ကောက်နေတာကြာပါပြီ။ တစ်ယူနစ်ဆိုတာ ရေဂါလန် ၂၂၀၊ ပီပါနဲ့တွက်ရင် လေးပီပါခွဲ သုံးစွဲနိုင်ပါတယ်။ ဒါကြောင့် ရေသုံးစွဲသူပြည်သူတွေကလည်း အခုလို တိုးမြှင့်ကောက်ခံတဲ့အပေါ်မှာ နားလည်ပေးစေလိုပါတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် ရေမီတာကောက်ခံသည့် စနစ်ကိုလည်း လျှပ်စစ်မီတာသုံးစွဲခ ကောက်ခံသည့် စနစ်ကဲ့သို့ ပြောင်းလဲကောက်ခံရန်တင်ပြထားပြီး ယင်းကောက်ခံသည့် စနစ်ဖြစ်ပေါ်လာပါက ရေကို ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည့်အပြင် သုံးစွဲသလောက်လည်း ပေးချေရမည်ဖြစ်သည့်အတွက် အလေအလွင့်မဖြစ်စေရန် ချင့်ချိန်သုံးစွဲတတ်သော အကျင့်ကောင်းများ ရရှိလာနိုင်ကြောင်း သိရသည်။

"လက်ရှိကောက်ခံနေတဲ့စနစ်က အိမ်ခြေတစ်ထောင်ကို ဝန်ထမ်းတစ်ယောက်နှုန်းနဲ့ ကောက်ခံနေရတော့ အလေအလွင့်တွေ အများကြီးဖြစ်နေတယ်။ ဒီစနစ်ကျင့်သုံးဖို့ဆိုရင် ဒီဂျစ်တယ်မီတာတွေ အစားထိုးတပ်ဆင်ရမှာဆိုတော့ ကျွန်တော်တို့ စည်ပင်အခွန်ဌာနဘတ်ဂျက်နဲ့ မလုံလောက်တဲ့အတွက် အထက်ကို တင်ပြထားပါတယ်။ ဒီစနစ်က နိုင်ငံတကာမှာလည်း ကျင့်သုံးနေတာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုပြောင်းလဲကောက်ခံမည့် ရေခွန်နှုန်းထားများအား သုံးစွဲသူပြည်သူများ သိရှိစေရန် အိမ်တိုင်းသို့ လိုက်လံ၍ အသိပေးနေသည့်အပြင် မြို့နယ်စည်ပင်ရုံးများတွင်လည်း ဗီနိုင်းများချိတ်၍ ကြေညာပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တနိုင်းမြို့နယ်အတွင်းရှိ ပယင်းမော်၊ ရွှေမော်ဒေသများမှ ပြည်သူများနေရပ်သို့ပြန်

**တနိုင်း ဇွန် ၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ပယင်းမော်၊ ရွှေမော်များတွင် လုပ်ကိုင်စားသောက်လျက်ရှိသော ပြည်သူများသည် မော်ဒေသမှ စက်လှေများစီး၍ ပြန်လာခဲ့ကြကြောင်း သိရသည်။

တနိုင်းမြို့နယ်တွင် ထန်းပလာမော်၊ ဝမ်းပလာမော်၊ အောင်လွတ်မော်၊ တုံပဏီမော်၊ ချောင်းဆုံမော်၊ နန်ဖြူမော်၊ ဂျာအောင်ဘာမော်၊ ဇီးဖြူကုန်းမော်၊ ညောင်ပင်ကုန်းမော်၊ နမ့်ကွမ်းမော်များ ရှိသည်။

အဆိုပါမော်များသည် နိုင်ငံတော်အစိုးရက တရားဝင်ခွင့်ပြုထားသော မော်များမဟုတ်ဘဲ ရွှေ၊ ပယင်းတူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့်အပြင် တနိုင်းဒေသဂေဟစနစ်ကိုပါ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက နယ်မြေများ ရှင်းလင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မေ ၆ ရက်တွင် မော်ဒေသအသီးသီးမှ စက်လှေစီး၍ ပြန်လာသူများသည် နမ့်ကွမ်းရေဆိပ်သို့ ရောက်ရှိနေကြောင်း၊ စုစုပေါင်း ၄၀၅ ဦးရှိကြောင်း၊ မေ ၇ ရက်တွင်းလည်း မော်ဒေသအသီးသီးမှ မိမိနေရပ်သို့ ပြန်ကြသည်ဟု သိရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဆီမီးခုံ- နန်းရီ**



# ရထားရဲတပ်ဖွဲ့မှ ရထားမတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရေး ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာအကြား မိုင်တိုင်အမှတ် (၃/၂၃-၂၄) တွင် ဇွန် ၂ ရက် နံနက် ၆ နာရီခန့်က အမှတ် (၆၉)အဆန် ကြည့်မြင်တိုင်-သာရဝေါ်ရထားဖြင့် ရထားလမ်းကူးသူ အသက် ၆၀ နှစ်ခန့် အမျိုးသားတစ်ဦးနှင့် အသက် ၄၀ နှစ်ခန့် အမျိုးသားတစ်ဦးတို့အား တိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အလားတူ ရထားနှင့် မတော်တဆ တိုက်မိ၍ ထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ရထားနှင့် မော်တော်ဆိုင်ကယ် စသည့် အခြားယာဉ်များဖြင့် တိုက်မိမှု ၃၆ ကြိမ်ဖြစ်ပွား၍ သေဆုံးသူငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၇ ဦးရှိပြီး ရထားနှင့် ကျိတ်မိမှု၊ တိုက်မိမှု ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၁ ဦး ရှိခဲ့သည်။

ရထားနှင့် မတော်တဆထိခိုက်မိ၍ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်များမှာ ရထားသံလမ်းကူးနေရာများတွင် ယာဉ်မောင်းသူများက မဆင်မခြင်မောင်းနှင်မှုမှုလည်းကောင်း၊ ရထားသံလမ်းအား မဆင်မခြင်ဖြတ်ကူးခြင်း၊ အရက်သေစာသောက်စားပြီး ရထားသံလမ်းပေါ်အိပ်နေခြင်း၊ ရထားမရပ်မီ ရထားပေါ်အတက်/အဆင်းပြုလုပ်ခြင်း၊ ရထားလမ်းနှင့် မလွတ် ကင်းသောနေရာများတွင် နေထိုင်ခြင်း၊ ဆော့ကစားခြင်းများကြောင့်လည်းကောင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ရထားနှင့် မတော်တဆ ထိခိုက်သေဆုံးမှုများ မဖြစ်ပွားစေရေးနှင့် လျော့နည်းစေရေးအတွက် ရထားရဲတပ်ဖွဲ့မှ သက်ဆိုင်ရာ ရထားရဲတပ်ဖွဲ့ခွဲ၊ တပ်ခွဲများ၊ နယ်မြေအလိုက် သက်ဆိုင်ရာ မြန်မာ့ မီးရထားဝန်ထမ်းများ၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ခရီးသွားပြည်သူများအား အသိပညာပေးဟောပြောပွဲ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ရထားရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက်ကံ)**





# ထောက်ကြန့်မြို့၌ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲကျင်းပ

**ထောက်ကြန့် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ မြနန္ဒာပန်းခြံအတွင်း၌ ဇွန် ၆ ရက် နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ ၁၀၀၀ ခန့် တက်ရောက်ကြကြောင်း ဖြစ်မြောက်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက ငွေကျပ် သိန်း ၃၀၀ မတည်ပြီး မင်္ဂလာဒုံမြို့နယ် ဒေသခံပြည်သူတွေက ငွေကျပ် သိန်း ၃၀၀ စုစုပေါင်း ငွေကျပ် သိန်း ၆၀၀ နဲ့ တည်ဆောက်ထားခြင်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထူးအမြန်ရေယာဉ် ဗန်းမော်မှ မန္တလေးသို့ စတင်ထွက်ခွာ

**ဗန်းမော် ဇွန် ၇**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မိုးမြင့်ကြယ်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အဆင့်မြင့်အထူးအမြန်ရေယာဉ်သည် ဗန်းမော်မြို့တပ်ကလေးဆိပ်ကမ်းသို့ ဆိုက်ရပ်နားခဲ့ရာမှ ဧရာဝတီမြစ်ရေ တိုးလာသဖြင့် ရွှေဗန်းမော်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားပြီး ဇွန် ၇ ရက်တွင် မန္တလေးသို့ စတင်ထွက်ခွာလာခဲ့ကြောင်း သိရသည်။

အထက်တန်းခန်းတစ်ဦးလျှင် ငွေကျပ် ၁၆၅၀၀၊ ဆလုံးခန်း တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀ ၊ ရိုးရိုးတန်း တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ ဖြစ်သည်။ ခရီးစဉ်တွင် ဗန်းမော်၊ စင်ခန်း၊ ရွှေကူ၊ ကျောက်ကြီး၊ မိုးတားလေး၊ ကသာ၊ ထီးချိုင့်၊ တကောင်း၊ ကျောက်မြောင်းနှင့် မန္တလေးဆိပ်ကမ်းများတွင် ဆိုက်ကပ်ရပ်နားပြီး အဆန် နှစ်ညအိပ်၊ အစုန်တစ်ညအိပ်ခရီးဖြစ်သည်။ မန္တလေးမှ ဗန်းမော်သို့ တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ထွက်ခွာ၍ ရေယာဉ်ထွက်ခွာချိန် နံနက် ၆ နာရီ ဖြစ်သည်။ ဗန်းမော်မှ မန္တလေးသို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ထွက်ခွာပြီး ရေယာဉ်ထွက်ချိန်မှာ နံနက် ၇ နာရီဖြစ်သည်။

ရေယာဉ်ပေါ်တွင် ထမင်းအဝစား ငွေကျပ် ၁၅၀၀ ၊ လက်ဖက်ရည်တစ်ခွက် ငွေကျပ် ၂၀၀ ဖြစ်သည်။ ဗန်းမော်-မန္တလေး ရေယာဉ်ခရီးစဉ်တွင် ပြည်သူများ သက်သောင့်သက်သာလိုက်ပါနိုင်ခြင်း၊ စရိတ်အကုန်အကျသက်သာခြင်း၊ ရွှေဗန်းမော်ဆိပ်ကမ်းတွင် ဆိုက်ကပ်၍ သွားလာမှုအဆင်ပြေပြီး လူနှင့်ကုန်စည်ခ စရိတ်သက်သာခြင်း၊ အစားအစာလွယ်ကူစွာ စားသောက်နိုင်ခြင်းတို့ကြောင့် ရေယာဉ်စီးခရီးသည်များ သွားလာမှုအဆင်ပြေလျက်ရှိကြောင်း ရေယာဉ်စီးခရီးသည်တစ်ဦးထံမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ပါ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း ကော်လံ ၃ ဒုတိယအပိုဒ်၌ ဖော်ပြထားသည့် ရုရှားနိုင်ငံရဲ့ အကောင်းဆုံးစစ်တက္ကသိုလ်တွေမှာ မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက် တက္ကသိုလ်ဘွဲ့ရပြီး ဖြစ်ပါတယ်(အစား) ရုရှားနိုင်ငံရဲ့**အကောင်းဆုံးတက္ကသိုလ်တွေမှာ** မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက် တက္ကသိုလ်ဘွဲ့ရပြီး ဖြစ်ပါတယ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းအဖွဲ့)**

# ကော့သောင်းမြို့၌ မူးယစ်ဆေးဝါး ရှာဖွေရေးခွေးအား လစဉ်ထောက်ပံ့ကြေးပေးအပ်

**ကော့သောင်း ဇွန် ၇** ကော့သောင်းမြို့မူးယစ်တပ်ဖွဲ့စု၏ မူးယစ်ဆေးဝါးရှာဖွေရေးခွေးအတွက် FOR BRAVE DOG ပရဟိတအဖွဲ့မှ ၂၀၁၇ ခုနှစ် မေလမှစ၍ လစဉ် ငွေကျပ် ၃၀၀၀၀ အား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဇွန် ၇ ရက်က သိရသည်။ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ကော့သောင်းမြို့တွင် မူးယစ်ဆေးဝါးပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ကော့သောင်းမြို့မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်သုံးစွဲမှုများအား ကြပ်မတ်ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ၊ အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့စုရှိ အထူးလေ့ကျင့်ပေးထားသည့် မူးယစ်ဆေးဝါးရှာဖွေရေးခွေးဖြင့်လည်း မူးယစ်ဆေးဝါးပြဿနာများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့သောင်းမြို့မူးယစ်တပ်ဖွဲ့စု၏ ဗန်ဒိန်းအမည်ရှိ မူးယစ်ဆေးဝါးရှာဖွေရေး ခွေး(အထီး)အား အစားအစာ၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့်ကိစ္စများတွင် အသုံးပြုနိုင်ရန် FOR BRAVE DOG ပရဟိတအဖွဲ့က ၂၀၁၇ ခုနှစ် မေလမှစ၍ လစဉ် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ရာ ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ကိုယ်စား မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်နိုင်က မူးယစ်တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်ထွန်းနှင့် ခွေးကိုင်တပ်ဖွဲ့ဝင် ဒုတပ်ကြပ်သူရဝင်းတို့အား မေလနှင့် ဇွန်လအတွက် နှစ်လစာ ငွေကျပ် ၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်

**နေပြည်တော် ဇွန် ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုနှင့် အဆိုနှစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရန်ပုံငွေ အဆိုပြုလျာထား**

အစည်းအဝေးတွင် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု(ကုံးလုမ်း - ပန်းကျိုင်း - မိုက်ရှားစေး - ပုံစုတ်) ရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးပါရန်** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကုံးလုမ်း- ပန်းကျိုင်း- မိုက်ရှားစေး-ပုံစုတ် မြေသားလမ်း လေးမိုင် ဖောက်လုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တို့က စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ရန်ပုံငွေ အဆိုပြုလျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဦးဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး



ဒေါ်နန်းခမ်းအေး
နမ္မတူမဲဆန္ဒနယ်

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **နမ္မတူမြို့နယ် နားကဲကျေးရွာအနီးရှိ နားကဲဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နားကဲတံတားသည် စုစုပေါင်းပေ ၁၁၀ အရှည်ရှိပြီး ၁၂ ပေ အကျယ် နှစ်လွှာ တစ်ထပ်ဘေလီတံတားဖြစ်ပါကြောင်း၊ နားကဲတံတားကို အရှည်ပေ ၁၁၀ နှင့် ယာဉ်သွားလမ်း အကျယ် ၂၄ ပေ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၈၅ သန်း လျာထားတင်ပြတောင်းခံခဲ့သော်လည်း မရရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုငွေ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ လမ်း ၁၀ လမ်းအား အမြန်ဆုံးခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ လမ်း ၁၀ လမ်းအနက် ပင်လုံလမ်း၊ ရတနာပုံပတ်လမ်း၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ ပြည်ထောင်စုလမ်း၊ မြိတ်လမ်း စသည့်လမ်းခြောက်လမ်းမှာ ကွန်ကရစ်လမ်းများခင်းပြီး ဖြစ်ပါကြောင်း၊ ကျန်စစ်သားလမ်းမှာ ကတ္တရာခင်းထားသောလမ်း ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လမ်းသုံးလမ်းအနက် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက အလျား ၁၃၅၁၂ ပေ ရှည်သည့် ရိုးမရိပ်သာလမ်းမကြီး ( အမှတ်- ၂ လမ်းမကြီးမှ ဒဂုံဆိပ်ကမ်း ကျိုစု - ၁၆၈ ပဲခူးမြစ်ကမ်းနားပတ်လမ်းအထိ)လမ်းပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက် ခွင့်ပြုငွေကျပ် သိန်း ၁၅၀၀ ဖြင့် ကွန်ကရစ်လမ်းပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း။

လမ်း ၁၀ လမ်းအနက် လှော်ကားလမ်း (ရိုးမရိပ်သာလမ်းမှ ကျိုစုရွာအထိနှင့် ကျိုစုရွာမှ အမှတ်- ၂ လမ်းမကြီးအထိ) မြေသားလမ်း ၂၁၃၂ ပေ လမ်းပိုင်း နှစ်ခုကို လမ်းအသစ်ခင်းပေးရန် ကွင်းဆင်းတိုင်းတာ၍ ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဘတ်ဂျက်မှ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက လှော်ကားလမ်း အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရတနာပုံပတ်လမ်း ( ၅၄ ရပ်ကွက်မှ ကျန်စစ်သားလမ်းအထိ)မြေသားလမ်း ၅၁၄၁ ပေ လမ်းပိုင်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ ခေါ်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုးနှင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းတို့၏ လမ်း၊ တံတား အဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဆွေးနွေးရန် သဘောတူ**

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိ လည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိ လည်းကောင်း အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဦးတင်ထွေးက အဆိုတင်သွင်းရာတွင် အားကစားပြိုင်ပွဲများ၊ ကျေးလက်များရှိ အားကစားကွင်းများ၊ ကျောင်းများရှိ အားကစားကွင်းများသည် ပျောက်ခြင်းမလှ ပျောက်လာပါကြောင်း၊ အားကစားကွင်းများသည် အားကစားကွင်းများနှင့် မတူတော့ဘဲ လယ်ကွင်းကြီးများအတိုင်း ဖြစ်နေသည့်နေရာများစွာကို တွေ့ရပါကြောင်း၊ မြို့နယ်တိုင်းတွင် အားကစားရုံများ ဖွင့်လှစ်၍ အားကစားမှူးများ၊ နည်းစနစ်မှူးများနှင့် ဝန်ထမ်းများထားရှိသော်လည်း ဝန်ထမ်းများ ရုံးတက်၊ ရုံးဆင်းပြုနေသည်ကိုတွေ့ရပြီး မြို့နယ်အားကစား တိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပြုလုပ်ခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများ ဆွေးနွေးအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်း အတည်ပြုချက်ရယူ

**နေပြည်တော် ဇွန် ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

**အဆင့်တိုးမြှင့် ဆောင်ရွက်ပေး**

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးရွာ၊ တရွှန်အိုင်ကျေးရွာနှင့် ကျီးလေကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် လာမည့်ကျောင်းဖွင့်ချိန်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချင်းပြည်နယ် ပလက်ဝမြို့နယ် ချင်းဒေါက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) တရွှန်အိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ကျီးလေအောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့အား ခရီးအကွာအဝေးကွာခြားမှုအရ ကျောင်းသားဦးရေပြည့်မီမှုမရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့နှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ **ထောင်စုနှစ် ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ် အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက် ပေးစေလိုကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒီမိုကရေစီအခြေခံသဘော**

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးက ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများ၌ ၂၁ ရာစု Education Skills များချမှတ်ရာတွင် Communication, Collaboration, Critical Thinking, Creativity ဆိုသည့် Skill လေးခုတွေ့ရမှာ ဖြစ်ပါကြောင်း၊ Communication Skill တွင် မိဘနှင့် သားသမီး၊ ဆရာနှင့် ကျောင်းသား၊



ဦးဝင်းမော်ထွန်း
ဒုတိယဝန်ကြီး



ဦးဇေ့တင်း
ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

အုပ်ချုပ်သူနှင့် ပြည်သူ၊ ပြည်သူလူထုအကြား အပြန်အလှန်ဆက်သွယ်ပြန်ကြားမှုဆိုသည့် ပြည်သူ့နီတိနှင့် ဒီမိုကရေစီအခြေခံသဘော၏ အရေးကြီးပုံကိုတွေ့ရမည် ဖြစ်ပါကြောင်း။

Collaboration Skill တွင် အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ အများအကျိုးသယ်ပိုးဆောင်ရွက်တတ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်မှုများ အားလုံးသည် ဒီမိုကရေစီ၏ ကျင့်စဉ်များ ဖြစ်ပါကြောင်း၊ Critical Thinking Skill ဟုခေါ်သည့် အကောင်းအဆိုး၊ အကြောင်းအကျိုးနှင့် ပိုင်းခြားဝေဖန်တွေးခေါ်နိုင်မှုသည် Capacity Building အများကြီး လိုအပ်နေသည့် မိမိတို့နိုင်ငံတွင် အခြေတည်ပေးရန် လိုအပ်ပါကြောင်း။

Creativity Skill ဟု ခေါ်သည့် ဖန်တီးတီထွင်နိုင်စွမ်းသည် မိမိတို့နိုင်ငံအတွက် ကဏ္ဍတိုင်းတွင် လိုအပ်နေပါကြောင်း၊ မိမိတို့နိုင်ငံကို တည်ဆောက်သည့်နေရာတွင် Evolutionary System နှင့်အညီ ကိုယ်ကျင့်တရားနှင့် လုပ်ဆောင်ချက်များ မြှင့်တင်ရန် လိုအပ်သည့်အတွက် Quality Education ဖြစ်စေရန်အတွက် ပြည်သူ့နီတိနှင့် ဒီမိုကရေစီဘာသာရပ်များ၊ မျိုးဆက်ပွားကျန်းမာရေးအသိပညာများ မိတ်ဆက်ပေးရုံသာမက လက်ခံကျင့်သုံးနိုင်ရန် စီမံဆောင်ရွက်စေလိုကြောင်း ဆွေးနွေးသည်။

**ဆက်လက်ဆွေးနွေး**

ယင်းအဆိုနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးလှဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက် နေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊**
**အေးအေးသန့်(သတင်းစဉ်)**

# E-Government စနစ် တွင်ကျယ်စွာအသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် Microsoft ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.AstridTuminez နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ICTနှင့် ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများ၊ ဆက်သွယ်ရေး နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အစိုးရရုံးများအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရန် E-Government စနစ် တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၇**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားသည်။ အိန္ဒိယသံအမတ်ကြီးက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများဖြစ်၍ ဥပဒေရေးရာကိစ္စရပ်များအား အတူပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေဆိုင်ရာသင်တန်းများ အထောက်အကူပေးရေးအတွက် တရားဝင်စာပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် သင်တန်းများကို ပို့ချပေးလိုပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းကို ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

## ပျဉ်းမနားမြို့နယ်၌ သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီက သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာများ ရှင်းလင်းပြောကြားရာတွင် ပြည်သူအများစုသည် သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေစာရင်းကောက်ယူခြင်းဟု နားလည်ထားကြပါကြောင်း၊ သန်းခေါင်စာရင်းကနေ လူဦးရေစာရင်းသာမက လူမှုစီးပွားရေး၊ အိမ်နှင့်အိမ်ထောင်စု၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ပြောင်းရွှေ့သွားလာခြင်းစသည်ဖြင့် အချက်အလက်များကိုပါရရှိပြီး အဆိုပါ အချက်အလက်များက နိုင်ငံတော်၏ လက်ရှိအနာဂတ် စီမံကိန်းများအတွက် များစွာအသုံးဝင်ကြောင်းနှင့် သန်းခေါင်စာရင်းဆိုင်ရာ သတင်းအချက်အလက်များအား အချက်အလက် အသုံးပြုသူများ လွယ်ကူစွာရရှိနိုင်စေရန်၊ နိုင်ငံတော်တွင် မြို့နယ်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မူဝါဒများစိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရာ၌ သန်းခေါင်စာရင်း အချက်အလက်များ အသုံးပြုမှု ပိုမိုတိုးမြှင့်လာစေရန်နှင့် အချက်အလက်အသုံးပြုသူများ၊ မီဒီယာများနှင့် ပြည်သူများအကြား သန်းခေါင်စာရင်းဆိုင်ရာ သတင်းအချက်အလက်များကို အကျိုးရှိစွာနှင့် အဓိပ္ပာယ်ပြည့်ဝစွာ အသုံးပြုနိုင်ရန်၊ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးတင်ထွဋ်၊ ဦးတင်ထွန်း၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## လာမည့်မိုးတွင်းကာလ မြစ်ကြီးနားခရိုင်အတွင်း သစ်ပင်မျိုးစုံ ၉၄ သိန်းကျော်စိုက်ပျိုးမည်

**မြစ်ကြီးနား ဇွန် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း လာမည့်မိုးတွင်းကာလတွင် မြို့နယ်လေးခု၌ သစ်ပင်မျိုးစုံ ၉၄၆၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သစ်ပင်စိုက်ရန်အတွက် မြေဧက ၄၇၀၀ ကျော်ကို လျာထားကြောင်း၊ အဓိကစိုက်ပျိုးမည့် အပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ယမနေနှင့် သစ်မာစသည်တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရန်အတွက် ပျိုးပင်များ အဆင်သင့်ရှိနေပြီဖြစ်ကြောင်း မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၇

**မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက် ချဲ့ထွင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် MYANMAR INVESTMENT FORUM - 2017 ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ပင်းရှင်းဗဟိုဌာန - ၂ ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြသည်။** (အောက်ပုံ)




### ဘဏ္ဍာရေးကဏ္ဍ

ဖိုရမ်တွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန္ဒာဦးက ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ World Bank - Myanmar မှ Lead Financial Sector Specialist Ms. Nagavalli Annamalai က ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို လည်းကောင်း၊ စင်ကာပူနိုင်ငံ PWC ကုမ္ပဏီမှ Tax Partner Mr. Paul Cornelius က မြန်မာနိုင်ငံ၏ အခွန်အခဆိုင်ရာများကိုလည်းကောင်း၊ PWC ကုမ္ပဏီ Manager Mr. Dev A Singhvi က မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်း သုံးသပ်ချက်များကို လည်းကောင်း ဦးဆောင်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဖိုရမ်သို့တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းကြသည်။

### ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Investors Development Association - MIDA) Executive Vice Chairman ဦးလှမြင့်က မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင် ကုမ္ပဏီများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းကြီးများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Canadian Foresight Group Pte. Ltd ဥက္ကဋ္ဌ Mr. Songning Shen က ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ဖိုရမ်သို့တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MIDA) ဥက္ကဋ္ဌ ဦးခင်မောင်အေးက MYANMAR INVESTMENT FORUM-2017 ကျင်းပပြီးစီးကြောင်း အမှာစကားပြောကြားခဲ့သည်။

"မြန်မာ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးအသင်း(MIDA) ရဲ့ ရည်ရွယ်ချက်ကိုက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ဆက်သွယ်ပေးတဲ့သဘောပါ။ ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့အတွက် လိုအပ်တဲ့သတင်းအချက်အလက်တွေကို ထောက်ပံ့ကူညီပေးနိုင်အောင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ဒီဖိုရမ်ကျင်းပတယ်ဆိုတာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်"ဟု Executive Vice Chairman ဦးလှမြင့်က ပြောသည်။

### ပြည်ပရင်းနှီးမြှုပ်နှံမှု မြင့်တက်

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ "၂၀၁၂ ခုနှစ်မှာ စီးပွားရေးကို Liberalize လုပ်တဲ့အခါ ပြည်ပကရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကို ဝင်ရောက်လာတယ်။ ၂၀၁၅ ခုနှစ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှု တော်တော်လေး မြင့်တက်လာတယ်။ ၂၀၁၆ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် အနည်းငယ် ကျဆင်းသွားတယ်။ အခုဆို Pick Up ဖြစ်လာပြီဆိုတော့ ပုံမှန်ပြန်ဖြစ်သွားမှာပါ။ ဒီနှစ်အစိုးရပိုင်းကလည်း ရင်းနှီးမြှုပ်နှံမှုနဲ့သက်ဆိုင်တဲ့ လုပ်ရမယ့်အရာတွေကို စဉ်ဆက်မပြတ်အောင် မနားမနေ ဆက်တိုက်လုပ်နေတယ်။ တုံ့နှေးနေတဲ့သူတွေလည်း သူတို့ရဲ့ ယုံကြည်မှုတွေ ပြန်တက်လာမယ်လို့ ယူဆတယ်"။

"ရင်းနှီးမြှုပ်နှံမှုအတွက် ခိုင်မာတဲ့ ဥပဒေရှိဖို့ အစိုးရက Regulatory Framework ကို အကြီးအကျယ် ပြင်နေတယ်။ ဒါတွေဟာ Improve ဖြစ်နေတယ်ဆိုတာ အားလုံးအသိပဲဖြစ်တယ်။ အဲဒီလို Improve ဖြစ်လာတာနဲ့အမျှ ဥပဒေပိုင်းအရ တိကျသေချာပြီး ခန့်မှန်းလို့ရတဲ့ အခြေအနေရောက်တဲ့အခါ ယုံကြည်စွာဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်၊ Regulatory Framework တိကျခိုင်မာဖို့လိုပါတယ်"ဟု ဦးလှမြင့်က ဆိုသည်။

**ဇော်ဇော်မျိုး (ကလေး)**

**ဓာတ်ပုံ- အေးသန်း**

# အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်က အလုံးစုံမော်တော်ယာဉ်အာမခံလျော်ကြေးပေးအပ်

**ရန်ကုန် ဇွန် ၇**

အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်တွင် အလုံးစုံမော်တော်ယာဉ် အာမခံထားရှိသော Toyota Wish ယာဉ်သည် အာမခံထားရှိပြီး ၁၂ ရက်အကြာ မေ ၁၃ ရက်ည ၉ နာရီခွဲခန့်တွင် တောင်ငူမြို့ ထီးလှိုင်ကွန်ကရစ်လမ်းမကြီး မှတ်ပုံတင်ရုံးအနီး၌ Toyota Caldina ကို တိုက်မိပြီး ယာဉ်နှစ်စီးစလုံး၏ခေါင်းပိုင်းများ ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ UFC Tower မြေညီထပ် အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်(ရုံးချုပ်)၌ ကျင်းပသည်။

အလုံးစုံမော်တော်ယာဉ် အာမခံလျော်ကြေးအဖြစ် Toyota Wish ယာဉ်ပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၁၈၃၀၀၀၀၀၊ Toyota Caldina ယာဉ်ပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၇၀၈၅၀၀၀၊ လူထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးငွေကျပ် ၅၂၈၀၀၀ စုစုပေါင်းငွေကျပ် ၂၅၉၁၃၀၀၀ ကို အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးရဲမာန်အောင်က ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# လမ်း၊ တံတားများ တိုးတက်ဝေဆာ သွေးချင်းတို့မြေမှာ

## ကျော်လင်း(ဆောက်လုပ်ရေး)

***ယမန်နေ့မှ အဆက်***

ကရင်ပြည်နယ်သည် East West Economic Corridor ကို အမှီပြု၍ များစွာ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာရှိပါသည်။ EWEC သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့ကို ဖြတ်၍ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် ဆုံးသည့် လမ်းကြောင်းဖြစ်ပါသည်။ ကော့ကရိတ်-မြဝတီ လမ်းသစ်ခင်းပြီးနောက် ဘားအံမှ မြဝတီသို့ ၃ နာရီနှင့် ခရီးပေါက်နေပြီး အိန္ဒု-ကော့ကရိတ်အပိုင်းကို ADB ချေးငွေဖြင့် အဆင့်မြှင့်ပြီးပါက ဘားအံ-မြဝတီလမ်းပိုင်းသည် ၂ နာရီကျော်ခန့်ဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်ပါသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး တောင်တန်းအများစု တည်ရှိသဖြင့် ပြည်သူများ သွားလာရေးအတွက် မော်တော်ကားလမ်း တစ်ခုတည်းကိုသာ အားကိုးသွားလာနေရပါသည်။ ဒါကြောင့် ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အဓိကလမ်းများဖြစ်သော ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် ဟားခါး-ဂန့်ဂေါလမ်းကို JICA အကူအညီနှင့် ကမ္ဘာ့ဘဏ်အကူအညီချေးငွေများဖြင့် လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေပါသည်။ ထို့အပြင် သိုင်းငင်း-တီးတိန်လမ်းအား JICA အကူအညီ ချေးငွေဖြင့်လည်းကောင်း၊ တီးတိန်-ရိဒ်လမ်းကို အိန္ဒိယအကူအညီဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး (၈၂)မိုင်ရှိသော တီးတိန်-တွန်းဇံ-ကျီခါးလမ်းကိုလည်း အစိုးရသက်တမ်းငါးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ယင်းလမ်းပေါ်ရှိ ယခင်ကခက်ခဲစွာ ဖြတ်ကူးသွားလာနေရသော နတ်ဇံချောင်းကိုလည်း အောက်ထည်သံကူကွန်ကရစ် အပေါ်ထည် ဘေလီဖြင့် ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ပါသည်။ ယင်းအပြင် ချင်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်းကို ဆက်သွယ်ထားသော ဟားခါး-မတူပီလမ်းကိုလည်း ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ်လည်းကောင်း၊ မတူပီ-ပလက်ဝလမ်းကို နွေရာသီသွားလာနိုင်သော လမ်းအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်၏ အဓိက လမ်းမကြီးဖြစ်သော ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းပေါ်ရှိ အဓိကမြို့များဖြစ်သော မော်လမြိုင်၊သထုံမြို့များတွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသော်လည်း အခြားမြို့ ရွာများကို ဆက်သွယ်ရာတွင် အခက်အခဲများ ရှိခဲ့ပါသည်။ ယခုအခါ ဘီးလင်းမြို့အကျော် သိမ်ဆိပ်မှ ဝီယော်-လေးကေ လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးပြီး သံဖြူဇရပ်-ဘုရားသုံးဆူလမ်းကိုလည်း နယ်စပ်ဆက်သွယ်ရေးလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပါသည်။ ထို့အပြင် ရေလမ်းကိုသာ အားကိုးနေရသော ဘီလူးကျွန်းကိုလည်း မော်လမြိုင်နှင့် အလွယ်တကူ ဆက်သွယ်သွားလာရန် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ကို မေ ၉ ရက်က အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ လက်မှုပညာထွန်းကားသော ဘီလူးကျွန်းပေါ်မှ ကျေးရွာများအတွက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ယင်းအပြင် မော်လမြိုင်မြို့ပေါ်နှင့် အဓိကလမ်းများကို ပိုမိုကောင်းမွန်စေရန်အတွက် ကတ္တရာကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။



သိမ်ဆိပ်- ဝီယော်-လေးကေ လမ်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်



ရေးမြို့အဝင်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်




အိန္ဒု-ကော့ကရိတ်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်



မွန်ပြည်နယ်ရှိ မော်လမြိုင်-ကျိုက်မရောလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



အိန္ဒု-ဇာသပြင်လမ်း ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်



ကော့ကရိတ်-မြဝတီလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



ကျောက်တော်-ပလက်ဝလမ်း မိုင် ၃၃/၄-၃၃/၅ ကီလိုမီတာ(၅၃.၆-၅၃.၈)ကြား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



မွန်ပြည်နယ်ရှိ ဘီးလင်း-နတ်ကြီး-ဇာပွန်လမ်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



ကလေး-ဖလမ်း-ဟားခါးလမ်း ပြုပြင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်



ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



တီးတိန်-တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ နတ်ဇံတံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

*ဆက်လက်ဖော်ပြပါမည်*

# အီရန်လွှတ်တော်အဆောက်အအုံနှင့် ဂူဗိမာန်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး


လွှတ်တော်အဆောက်အအုံကို သေနတ်သမားများ တိုက်ခိုက်ချိန်တွင် အီရန်တပ်ဖွဲ့ဝင်များ၏ ပြေးလွှားလှုပ်ရှားမှုကို တွေ့ရစဉ်

**တီဟီရန် ဇွန် ၇**

အီရန်နိုင်ငံမြို့တော် တီဟီရန်ရှိ လွှတ်တော်အဆောက်အအုံနှင့် ဂူဗိမာန်တွင် ဗုဒ္ဓဟူးနေ့က သေနတ်သမားများ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး လက်ပစ်ဗုံးထောင်ထားခဲ့ကြောင်းနှင့် တိုက်ခိုက်မှုနှစ်ခုအတွင်း လူခုနစ်ဦးသေဆုံးသွားခဲ့ကြောင်း အီရန်သတင်းမီဒီယာက ဖော်ပြခဲ့သည်။ အီရန်အထူးသတင်းထောက်လှမ်းရေးဝန်ကြီးဌာနက လုံခြုံရေးအင်အားစုများသည် သုံးခုမြောက်တိုက်ခိုက်မှုကို ပြုလုပ်ရန် ကြံစည်လျက်ရှိသည့် အကြမ်းဖက် အဖွဲ့တစ်ခုကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ပြောကြားခဲ့သည်။ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခြင်း မရှိသေးပေ။

တိုက်ခိုက်မှုကိုအိုင်အက်စ်အစွန်းရောက်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ရှီးယိုက်အစ္စလာမ်ဘာသာဝင် အများစုနေထိုင်သည့် နိုင်ငံအတွင်း၌ ဘာသာရေးအစွန်းရောက် ဆွန်နီအစ္စလာမ်ဘာသာဝင်များက ပြုလုပ်ခဲ့သည့် ပထမဆုံးတိုက်ခိုက်မှုတစ်ခုဟု အခိုင်အမာဆိုရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ လွှတ်တော်အဆောက်အအုံနှင့် အယာတိုလက်ခါမေနီ၏ ဂူဗိမာန်ကို ပစ်မှတ်ထားသည့် ယင်းတိုက်ခိုက်မှုနှစ်ခုသည် အီရန်သမ္မတဟာဆန်ရိုဟာနီကို ပြန်လည် ရွေးကောက်တင်မြှောက်ခဲ့ပြီး တစ်လမကြာသေးမီမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ္စတိုသေနတ်ကိုင်ဆောင်ထားသူ တစ်ဦးနှင့် အေကေ-၄၇ ရိုင်ဖယ်သေနတ်များကိုင်ဆောင်ထားသူ နှစ်ဦးပါဝင်သည့် လူသုံးဦး တီဟီရန်မြို့လယ်ကောင်ရှိ ပါလီမန်လွှတ်တော်အဆောက်အအုံကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဥပဒေပြုလွှတ်တော်အမတ် အီလီရက်ဇ်ဟာဇရာတီက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ပြောကြားခဲ့သည်။ တိုက်ခိုက်သူတစ်ဦးက အဆောက်အအုံအတွင်း၌ အသေခံဗုံးထောင်ထားခဲ့သည်ဟု အီရန်နိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြခဲ့သည်။ အခြားသတင်းမီဒီယာများကမူ ပေါက်ကွဲမှုသည် တိုက်ခိုက်သူများက ပစ်လိုက်သည့် လက်ပစ်ဗုံးကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

**(ရိုက်တာ)**

## လျှို့ဝှက်စာရွက်စာတမ်း ပေါက်ကြားမှုဖြင့် ကန်ထရိုက်တာတစ်ဦးကို အရေးယူ

**ဝါရှင်တန် ဇွန် ၇**

ထိပ်တန်းလျှို့ဝှက်စာရွက်စာတမ်းတစ်ခုကို အမျိုးသား လုံခြုံရေးအေဂျင်စီမှ ကန်ထရိုက်တာ ဝန်ထမ်းတစ်ဦးက သတင်းမီဒီယာသို့ပေးအပ်မှုဖြင့် အမေရိကန်နိုင်ငံတရားရေးဌာနက ယမန်နေ့တွင် တရားစွဲဆို အရေးယူလိုက်ကြောင်း သိရသည်။

အမျိုးသားလုံခြုံရေး အေဂျင်စီမှ အသက် ၂၅ နှစ်အရွယ်ရှိ ကန်ထရိုက်တာ ရီယဲလတီဝင်းနားသည် ပြီးခဲ့သည့်နှစ် အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ၏ ပါဝင်ပတ်သက်မှုများနှင့် ပတ်သက်သည့် တွေ့ရှိရသော လျှို့ဝှက်စာရွက်စာတမ်းများကို သတင်းဌာနသို့ ပေးပို့ခြင်းနှင့် ပုံနှိပ်ခြင်းတို့အတွက် စွပ်စွဲခံရပြီး ဇွန် ၃ ရက်က ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို အက်ဖ်ဘီအိုင်၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။

၎င်းအား အချက်အလက်စုဆောင်းမှု၊ လွှဲပြောင်းမှု သို့မဟုတ် သတင်းအချက်အလက် ကာကွယ်ရန်ပျက်ကွက်မှုများဖြင့် တရားစီရင်ရေးဌာနက အမှုဖွင့်တရားစွဲဆိုခဲ့သည်။

ကန်ထရိုက်တာဝင်းနား တွေ့ရှိခဲ့သည့် လျှို့ဝှက်စာရွက် စာတမ်းသည် အမေရိကန်ရွေးကောက်ပွဲ၌ ရုရှားထောက်လှမ်းရေးများက မဲပေးသည့် စက်ကိရိယာများဖြင့် ရွေးကောက်ပွဲကို ထိုးဖောက်ဝင်ရောက်ခဲ့သည်ဆိုသည့် အမျိုးသားလုံခြုံရေးအေဂျင်စီမှ စုံစမ်းစုဆောင်းထားသော အချက်အလက်များကို ၂၀၁၇ ခုနှစ် မေလ ၅ ရက် ရက်စွဲများဖြင့် ဖော်ပြထားသော စာရွက်စာတမ်းများဖြစ်သည်။

အဆိုပါ စာရွက်စာတမ်းများအရ အမေရိကန်ရွေးကောက်ပွဲကို ရုရှားဟက်ကာများက ပို၍ ထိုးဖောက်ဝင်ရောက်ခဲ့သည်ဆိုသည်ကို ညွှန်ပြနေကြောင်း သိရသည်။ အကယ်၍ ပြစ်မှုထင်ရှားပါက အမျိုးသားလုံခြုံရေးအေဂျင်စီမှ ဝင်းနားသည် ထောင်ဒဏ် ၁၀ နှစ် ထိချမှတ်ခံရဖွယ်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ၂၀၁၇ ခုနှစ်တွင် ဥရောပငါးနိုင်ငံအား ဗီယက်နမ် ဗီဇာဖြေလျှော့

**ဟန်နွိုင်း ဇွန် ၇**

ဗြိတိန်-ပြင်သစ်-ဂျာမနီ-အီတလီနှင့်စပိန် စသည့် ဥရောပ ငါးနိုင်ငံအတွက် ဇူလိုင် ၁ ရက်မှစတင်ကာ ဗီဇာကင်းလွတ်ခွင့် တစ်နှစ်တိုးမြှင့်ခွင့်ပြုရန် ဗီယက်နမ်အစိုးရက ဆုံးဖြတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဥရောပ ငါးနိုင်ငံအား ၂၀၁၅ ခုနှစ် ဇူလိုင်လမှစတင်ကာ တစ်နှစ်တာ ဗီဇာဖြေလျှော့ခွင့်ပေးခဲ့ကြောင်း ထိုသို့ဗီဇာဖြေလျှော့မှုကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်သက်တမ်းတိုးခဲ့ကြောင်း၊ ယခုအခါ နောက်ထပ်တစ်ကြိမ် တစ်နှစ်သက်တမ်း ထပ်မံတိုးပေးလိုက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့က ပြောခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ် ပထမငါးလအတွင်း နိုင်ငံတကာခရီးသွား ဆိုက်ရောက်မှု ၅ ဒသမ ၃ သန်းလက်ခံနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ဥရောပခရီးသွား ၈၇၀၀၀၀ ကျော်ဝင်ရောက်ခဲ့ရာ မနှစ်ကထက်ပိုမိုများပြားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## လာမည့် ၂၀၅၀တွင်ရေရှားပါးမှုဖြစ်လာမည့်အန္တရာယ်ကို ဂူတာရက်စ်သတိပေး

**ဂျီနီဗာ ဇွန် ၇**

လာမည့်၂၀၅၀တွင် လူလေးဦးလျှင် တစ်ဦးထက်မနည်းသည် ရေချိုရှားပါးမှုထပ်ကာတလဲလဲဖြစ်ပွားလျက်ရှိသည့် နိုင်ငံများတွင် နေထိုင်ရလိမ့်မည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

ဂူတာရက်စ်သည် အင်္ဂါနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ပြုလုပ်ခဲ့သည့် ကာကွယ်ရေးဆိုင်ရာ သံတမန်ဆက်ဆံမှုနှင့် နယ်စပ်ဖြတ်ကျော် ရေပိုင်နက်အကြောင်း ဆွေးနွေးသည့် တွေ့ဆုံမှုအတွင်း ထိုသို့ခန့်မှန်းတွက်ချက်ပြောဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ အကျိုးဆက်ကြောင့်ဖြစ်သည့် ရေရှားပါးမှုသည် တစ်နေ့ထက်တစ်နေ့ ပိုမိုစိုးရိမ်ဖွယ်ရာ ဖြစ်လာလျက်ရှိသည်ဟု ဂူတာရက်စ်က ဆိုသည်။


ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ လေးပုံသုံးပုံသည် မြစ်ချောင်း၊ အင်းအိုင်ရေပိုင်နက်များကို အိမ်နီးချင်းနိုင်ငံများနှင့်အတူ ခွဲဝေသုံးစွဲလျက်ရှိနေကြောင်း၊ သင့်လျော်ကောင်းမွန်သည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုမရှိပါက လူထုအဖွဲ့အစည်းများကြားတွင်ပြင်းထန်သောအငြင်းပွားမှုများ ပေါ်ပေါက်လာမည့်အန္တရာယ်ကို တစ်ကမ္ဘာလုံးတွင် ရင်ဆိုင်ရမည်ဖြစ်ပြီး နိုင်ငံအချင်းချင်းကြားတွင် ဖြစ်ပွားနေသည့်တင်းမာမှုများသည်လည်း ပိုမိုဆိုးရွားလာမည်ဖြစ်ကြောင်း ဂူတာရက်စ်က သတိပေးပြောကြားခဲ့သည်။


ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုရီယိုဂူတာရက်စ်

လုံခြုံရေးကောင်စီ အစည်းအဝေး၌ ဂျပန်နိုင်ငံမှ ကုလသမဂ္ဂသံအမတ် ကိုရိုဘက်ရှိုက ရေအရင်းအမြစ် စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံက အခြားနိုင်ငံများအား ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## အိန္ဒိယတွင် အပူဒဏ်ကြောင့် လူ ၁၀ဦးသေဆုံး



**နယူးဒေလီ ဇွန် ၇**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ယမန်နေ့က ဖြစ်ပွားခဲ့သော အပူဒဏ်ကြောင့် သေဆုံးသူ ၁၀ဦးထက်မနည်းရှိခဲ့ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ပြောခဲ့သည်။ အပူဒဏ်ကြောင့် ဥတ္တရာပရာဒေ့ရှ် ပြည်နယ် ဘန်ဒဲခန်ဒေသတွင် လူလေးဦး၊ ဘာရိတ်ချ်ခရိုင် အဗတ်ဒ်ဒေသတွင် ကလေးခြောက်ဦး သေဆုံးခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ပြည်နယ်တစ်ခုလုံးတွင် အပူဒဏ်ကြောင့် မွေးကင်းစ ကလေးအများစု အပါအဝင် လူပေါင်းများစွာ ဆေးရုံတက်ခဲ့ရကြောင်း၊ အချို့မှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ရှိ အတ်တဝါ၊ မဏိပူရ်၊ အန်နောင်၊ ကန်ပူရ်ဒေသများနှင့် ပြည်နယ်မြို့တော် လပ်ခ်နောင်းတို့တွင် အပူချိန်များမှာ ၄၆ ဒီဂရီစင်တီဂရိတ် ထိရှိကြောင်း သိရသည်။

ဇွန်လ ၄ ရက်နေ့က အပူချိန် ၄၈ ဒီဂရီစင်တီ ဂရိတ်ဖြင့် အဆိုပါဒေသတွင် အမြင့်ဆုံး အပူချိန်ဖြင့် စံချိန်တင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ )**

# မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၇**

မြန်မာကျောင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၊ ပညာရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများနှင့်သင်တန်းများကို ကောင်းမွန်မှန်ကန်စွာ ရွေးချယ်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Trade Training Institute နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်တွင်းပြည်ပ ပညာရေးလုပ်ငန်းများ တစ်စုတစ်ဝေးတည်း ခင်းကျင်းပြသမည်ဖြစ်သည့် “ မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၁၇ "International Education Fair Myanmar 2017 " ကို ရန်ကုန်မြို့အတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇွန် ၉ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ပြပွဲလာရောက်လေ့လာသူများ၊ မြန်မာကျောင်းသားများအနေဖြင့် ပညာရေးကဏ္ဍ ပြောင်းလဲတိုးတက်မှုများကို သိရှိသုံးသပ်နိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ ပါဝင်မည်ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ၊ ပညာရေးဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိနိုင်စေခြင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ပညာရေးကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် တိုက်ရိုက်ထိတွေ့ခွင့်ရနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဟု Marketing Executive ဦးထူးဇော်အောင်က ပြောသည်။

ထို့အပြင် Pre School မှသည် 100% Full Scholarships ပေးမည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် တိုက်ရိုက် ထိတွေ့နိုင်သည့် အခွင့်အလမ်းအပြင် ဥရောပသမဂ္ဂနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိများ၊ ဥရောပသမဂ္ဂမှ အထူးလက်ဆောင်များ ပေးအပ်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၁၀ ရက် မွန်းလွဲ ၁နာရီခွဲတွင် Education & Career Talk Show ခေါင်းစဉ်ဖြင့် ဦးခင်မောင်ညို (ဘောဂဗေဒ)၊ CVT- Myanmar မှ Ceo- ဒေါ်ခင်မြတ်စန္ဒာနှင့် TTI မှ Assistant Director ဦးသိန်းမြင့်ဝေတို့က ဆွေးနွေးဟောပြောမည်ဖြစ်သည့်အပြင် ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသား လူငယ်များကို သက်ဆိုင်ရာ ပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ် ပညာရပ်အလိုက် ဆွေးနွေးဟောပြောသွားမည်ဖြစ်သည်။ နေ့စဉ်မိုဘိုင်းဟန်းဆက်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်သွားမည်ဖြစ်ရာ ပြပွဲကို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (၃၄၉)

# နွယ်နီကျွန်းကျေးရွာ၌ ကမ်းပြို၍ နေအိမ် ၁၂ လုံး ပြောင်းရွှေ့ထားရ



**ရေစကြို ဇွန် ၇**

ရေစကြိုမြို့နယ် နွယ်နီကျေးရွာအုပ်စု နွယ်နီကျွန်းကျေးရွာ၌ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းများပြိုလျက်ရှိရာ လူနေအိမ် ၁၂ လုံး ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

“ဇွန် ၅ ရက် နံနက်မှာ ကမ်းတွေစပြီး ပြိုလို့ စိုးရိမ်ရတဲ့အိမ်တွေကို ဒေသခံတွေက ရွှေ့ပြောင်းပေးခဲ့ပါတယ်။ ရွှေ့နေတုန်းမှာလည်း ကမ်းကထပ်ပြိုနေတော့ မြို့နယ်ကို ဆက်သွယ်အကူအညီတောင်းလို့ မြို့နယ်မီးသတ်ဦးစီးဌာနက လက်ထောက်ဦးစီးမှူး ဦးနီကျဲအိုဦးဆောင်တဲ့ မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ကိုးဦးနဲ့ ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေက နံနက် ၁၀ နာရီလောက်မှာရောက်လာပြီး ကမ်းနဲ့နီးတဲ့ အိမ်တွေကိုဖျက်ကာ ဆွေမျိုးသားချင်းတွေရဲ့နေအိမ်တွေမှာ ရွှေ့ပြောင်းပေးကြပါတယ်။ ဒီနေ့ ရွှေ့ပြောင်းရတဲ့ နေအိမ် ၁၂ လုံး၊ အိမ်ထောင်စု ၁၂ စု ဖြစ်ပါတယ်” ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောသည်။

အလားတူ ဗလဘကျေးရွာတွင်လည်း ကမ်းထပ်မံပြိုကျမှုကြောင့် နေအိမ်နှစ်လုံးထပ်မံရွှေ့ပြောင်းထားရပြီး ကမ်းပြိုမှုမှာ မရပ်သေးကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ငါ့သရောက်မြို့နယ် ဖလန်ကန်ကျေးရွာတွင် သောက်သုံးရေဖူလုံစေရန် မြေသားမိုးရေလှောင်ကန်တူးဖော်

**ညောင်ဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများတွင် ကျေးလက်နေပြည်သူများ မှီခိုအားထားအသုံးပြုနေရသည့် မြေသားမိုးရေလှောင်ကန်ကြီးများကို ယခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုများဖြင့် သောက်သုံးရေရှားပါးမှုအခက်အခဲများ ပြေလျော့သက်သာလာစေရန် ရည်ရွယ်၍ မေ ၂၉ ရက်မှ စတင်ကာ တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



“ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဖလန်ကန်ကျေးရွာမှာ ဒီနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအစီအစဉ်နဲ့ ဒေသခံပြည်သူတွေ သောက်သုံးရေရှားပါးမှု အခက်အခဲများ ပြေလျော့သက်သာစေရန် မြေသားကန်တွေ အသစ်ပြန်လည်တူးဖော်ပေးလျက်ရှိပါတယ်။ အခုကျွန်တော်တို့ရွာက သောက်သုံးရေကန်ဆိုရင် မေ ၂၉ ရက်က စတင်တူးဖော်ပေးခဲ့တာ ဒီနေ့အထိပါပဲ။ ခုလည်းလုပ်ငန်းမပြီးသေးပါဘူး တူးဖော်ပေးနေတုန်းပါပဲ။ ဒါ့အပြင် ညောင်ဦးမြို့နယ် ကောင်းညိုကျေးရွာနဲ့ သဲပြင်တောကျေးရွာတွေမှာ တူးဖော်ပေးနေပါတယ်” ဟု ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ယင်းကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မုဒုံ ဇွန် ၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမ္ဘာ့ပတ်ဝန်းကျင်အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ ကြာကန်အင်းစောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်္ဘန်း၊ မဟော်ဂနီ၊ မန်ဂျန်ရှားစသည့် အပင် ၅၀၅ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးရာသို့ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လမ်းဘေးဝဲယာသစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# စာပေဗိမာန်စာမူဆုရစာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဇွန် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ ဒုတိယဆုရရှိသည့် ဇင်မင်း (သမိန်ထော)၏ တောဟောဝန်လယ် တောင်စွယ်ဝေယန်ဦး စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ကျေးလက်ဒေသတစ်ခုကို နောက်ခံထားပြီး အတွေးအယူဟောင်းများရှိနေသည့် အချို့ကျေးလက်နေလူများနှင့် ခေတ်ပညာတတ်၊ စာတတ်လူငယ်များကို ဇာတ်ဆောင်ပြုကာ အသိမှန် အမြင်မှန်ဖြင့်သာ လောကနှင့် လူသားဘဝများ အကျိုးပြုနိုင်ပုံကို စင်တင်ပြဇာတ်အနေဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤတွင် ကျိန်စာတစ်ခုကို အကြောင်းပြု၍ လက်စားချေဝါဒ လက်ကိုင်ပြုထားသူကို ပညာဉာဏ်နှင့် ယှဉ်၍ အစွဲချွတ်ပြီး လက်တွေ့လောကနှင့် ဘဝထဲဆွဲခေါ်ကာ လောကနှင့်လူသား အကျိုးပြုလုပ်ငန်းများ အတူယှဉ်တွဲလုပ်ဆောင်ကြပုံကို အချစ်ဇာတ်လမ်းများ နှော၍ ရေးသားထားသည်။ ယနေ့စာပေလောက၌ ရှားပါးနေသော ပြဇာတ်စာပေကို ဖတ်ရှုလိုသူ ပရိသတ်များအတွက် အာလယပြေစေမည့် စာအုပ်ဖြစ်သည်။

ရောင်းဈေး ၆၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည် လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀)ပြည့် အခမ်းအနားကျင်းပရေးဆွေးနွေး

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှင်းဆီမြိုင်ပန်းချီပြခန်း၌ ဇွန်လပထမပတ်က ပန်းချီဆရာကြီး ဦးဘဉာဏ်နှစ်(၁၂၀)ပြည့် အခမ်းအနားကျင်းပနိုင်ရေး ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေး၌ မြန်မာ့ပန်းချီလောက၏ ဥသျှောင်ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ကြေးရုပ်တုဖြစ်မြောက်ရေး၊ ဆရာကြီး၏ ပန်းချီကားများ ပြသရေး၊ ရန်ပုံငွေရှာဖွေရေးအတွက် တစ်နိုင်ငံလုံးပါဝင်သော ပန်းချီပြပွဲကြီးကျင်းပရေး အမှတ်တရ ဆွမ်းကပ်လှူဒါန်းရေးတို့ကို တက်ရောက်လာသော နာယကပန်းချီဆရာကြီးများနှင့် ပန်းချီဦးခင်မောင်စန်း၊ ဦးမင်းစံရှား၊ ဦးသော်တာ၊ ဘားအံမှ ဦးဘုန်းနိုင် အစရှိသော မြို့နယ်အသီးသီးမှ ပန်းချီဆရာများ စုံညီစွာတက်ရောက် ဆွေးနွေးကြသည်။

ထို့နောက် ဘိလပ်ပြန် ပန်းချီဦးဘဉာဏ်၏ နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားနှင့် ဂုဏ်ပြုပန်းချီပြပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ကျင်းပနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြအစီရင်ခံပြီး ခွင့်ပြုချက်ရနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ရုပ်တုအား ဆရာကြီး ကွယ်လွန်သွားသည့် မော်လမြိုင်မြို့နယ် ကတိုးကော့နပ်ကျေးရွာနှင့် အမျိုးသားပြတိုက်တို့တွင် နှစ်နေရာထားရှိရန်အမှတ်တရ ဆွမ်းကပ်လှူဒါန်းပွဲကျင်းပနိုင်ရန် စသည်တို့ကို ဆုံးဖြတ်အတည်ပြုခဲ့ကြောင်း သိရသည်။

**ထင်ကျော်(မြန်မာ့အလင်း)**

# လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေဖြင့် မူလတန်းကျောင်းခွဲအဆောက်အအုံသစ်ဖွင့်

**လေးမျက်နှာ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် သောင်ဘုတ်ကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၅ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ မြို့နယ် အမှတ် (၁) မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးနှင့် လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးခေါင်းဆောင် ဦးမျိုးဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးခေါင်းဆောင်က ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလယ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ အဆောက်အအုံ၌ ယခင်က ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးဖြင့် စတင်ဆောက်လုပ်ဖွင့်လှစ်ထားသည့် ဝါးကျောင်း အဆောက်အအုံဖြစ်ရာ ၂၀၁၇ ခုနှစ် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ် စက်ဝန်း) တွင် ခွင့်ပြုရန်ပုံငွေကျပ် ၇၀၄၀၀၀၀ နှင့်ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းငွေသုံးသိန်းကျော်တို့ဖြင့် အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ RC တစ်ထပ် အဆောက်အအုံဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန် / ဆက်)**

# သဘာဝဘေးဖြစ်သည့်အတွက် မခွဲခြားဘဲ ပျက်စီးဆုံးရှုံးမှုပမာဏပေါ်မူတည်ပြီး ငွေကြေးထောက်ပံ့သွားမည်

**မောင်တော ဇွန် ၇**

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် လူနေအိမ်များအား အပိုင်းသုံးပိုင်းခွဲကာ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီတွင် မောင်တောမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မိုရာ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစစ်ဆေး ထောက်ပံ့ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွင်က ပြောသည်။

"ပျက်စီးဆုံးရှုံးသွားတဲ့ အိမ်တွေကို အပိုင်းသုံးပိုင်းခွဲပြီး ထောက်ပံ့မယ်။ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားတဲ့ အိမ်တွေကို အခြေခံနှုန်းထားအတိုင်း တစ်အိမ်ကို ငွေကျပ် နှစ်သောင်းထောက်ပံ့မယ်။ လုံးဝပျက်စီးသွားတဲ့အပိုင်းမှာ လူဦးရေနဲ့ အိမ်အမျိုးအစားအပေါ်မူတည်ပြီး အခိုင်အမာဖြစ်တဲ့အိမ်မျိုး ပြိုလဲကျသွားတယ်ဆိုရင် တစ်အိမ်ကို ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့မယ်။ ပျဉ်ထောင်အိမ်ဖြစ်ပြီး အမိုးအကာတွေ ပွင့်သွားတယ်ဆိုရင် ငွေကျပ် ငါးသောင်းနှုန်း ထောက်ပံ့ သွားမယ်။ အိမ်အကျယ်အဝန်း၊ အိမ်ရဲ့ ပျက်စီးဆုံးရှုံးမှုပမာဏပေါ်မူတည်ပြီးထောက်ပံ့မှုတွေ ကွာသွားမယ်" ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုရာဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မောင်တောခရိုင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်များအား အမြန်ပြန်လည် တည်ဆောက်နိုင်ရန် ဌာနဆိုင်ရာများ ပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်စစ်ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ရာ မောင်တောမြို့နယ်တွင် ကိုးဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် ရှစ်ဖွဲ့နှင့် ခရိုင်ကြီးကြပ်ရေးကော်မတီတစ်ဖွဲ့ စုစုပေါင်း ၁၈ ဖွဲ့ ဖွဲ့ကာ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြေပြင်ကွင်းဆင်း စိစစ်ထောက်ပံ့ရေးအဖွဲ့တွေက မြေပြင်ကွင်းဆင်း စိစစ်ပြီး ထောက်ပံ့မှုတွေ တစ်ပါတည်းပြုလုပ်သွားမယ်။ အဖွဲ့တစ်ဖွဲ့မှာ ကျေးရွာ ခုနစ်ရွာကနေ ၁၀ ရွာထိ တာဝန်ယူ ဆောင်ရွက်သွားမယ်။ အခု ထောက်ပံ့တဲ့ငွေက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပေးတာဖြစ်တယ်။ ဒီမှာရှိတဲ့ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးတာ ဖြစ်တယ်" ဟု မောင်တောခရိုင် အုပ်ချုပ်ရေးမှူးက ပြောသည်။



မိုရာဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးရွာအုပ်စု ၁၁၈ အုပ်စုတွင် လူနေအိမ် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုအိမ် ၇၃၂၀ နှင့် လူနေအိမ်ပြိုကျ ပျက်စီးမှုအိမ် ၃၃၅၁ လုံး၊ ဘူးသီး တောင်မြို့နယ် ကျေးရွာအုပ်စု ၈၅ အုပ်စု တွင် လူနေအိမ် တစ်စိတ်တစ်ပိုင်း ပျက်စီးမှု အိမ် ၃၃၀၉ လုံး၊ လူနေအိမ် လုံးဝပြိုကျပျက်စီးမှုအိမ် ၁၀၁၀ ပျက်စီးခဲ့ပြီး မောင်တောမြို့နယ်တွင် ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၄၈၁ ဒသမ ၅သန်း၊ ဘူးသီးတောင်မြို့နယ်တွင် ဆုံးရှုံးမှုတန်ဖိုး ၁၆၇ ဒသမ ၁၈ သန်း ဆုံးရှုံးခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ယနေ့ ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UN လက်အောက်ခံ အဖွဲ့အစည်းများနှင့် INGO အဖွဲ့များ တက်ရောက်ကြသည်။

**သတင်း-မင်းသစ်**(MNA)၊
**အောင်ကျော်စိန်(ခရိုင် ပြန်/ဆက်)**
**ဓာတ်ပုံ-ရဲထွင်**

# မိုရာမုန်တိုင်းကြောင့်ပျက်စီးသွားသည့် ဘုန်းကြီးကျောင်းများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရသေ့တောင် ဇွန် ၇**

ရသေ့တောင်မြို့နယ်အတွင်း မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ဘုန်းကြီးကျောင်းများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ရသေ့တောင်မြို့ အလိုတော်ပြည့်ဘုန်းကြီးကျောင်း၌ ဇွန် ၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မွန်ပြည်နယ် မြနန်းဆရာတော်ဦးဆောင်သော ဗုဒ္ဓ၊ ဓမ္မ၊ ပရဟိတဖောင်ဒေးရှင်းနှင့် ဓမ္မဝံသာနုရက္ခိတအဖွဲ့တို့မှ ရသေ့တောင်မြို့နယ်ရှိ မိုရာမုန်တိုင်းကြောင့် အမိုးလန်ပျက်စီးသွားသည့် ဘုန်းကြီးကျောင်းများအတွက် သွပ်ပြားများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် ၄၅၆၀၀၀၀ နှင့် ငါးခြောက်ပိဿာ ၃၀၀၀ တို့ကို ဖောင်ဒေးရှင်းအဖွဲ့များမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ အလိုတော်ပြည့် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့က လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ ရသေ့တောင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်များ၊ မွန်ပြည်နယ် မြနန်းဆရာတော်ဦးဆောင်သော ဗုဒ္ဓ၊ ဓမ္မ၊ ပရဟိတဖောင်ဒေးရှင်းနှင့် ဓမ္မဝံသာနုရက္ခိတအဖွဲ့တို့မှ ဆရာတော်နှင့်တာဝန်ရှိသူများ၊ မုန်တိုင်းကြောင့် ကျောင်းဆောင်ပျက်စီးသွားသည့် ကျောင်းတိုက်များမှ ဆရာတော်များ၊ ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ချင်းပြည်နယ်၌ လူနှစ်ဦးသေဆုံး၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၇၈ သန်းကျော်ရှိ

**ဟားခါး ဇွန် ၇**

၂၀၁၇ ခုနှစ် မေ ၂၉ ရက်မှ ၃၁ ရက်အထိ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ချင်းပြည်နယ်အတွင်း



မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမျိုးသမီး နှစ်ဦးသေဆုံးပြီး အဆောက်အအုံ၊ လမ်း/တံတားအချို့ ပျက်စီးခဲ့ကာ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၇၈ သန်းကျော်ရှိကြောင်း သိရသည်။

ဇွန် ၅ ရက်အထိ ရရှိသည့် ထိခိုက်ပျက်စီးမှုမှာ စုစုပေါင်း အိမ် ၅၈၃ လုံး၊ စာသင်ကျောင်း ၆၁ ကျောင်း၊ ဘုန်းကြီးကျောင်း ရှစ်ကျောင်း၊ အခြား အဆောက်အအုံ ၄၂ လုံး၊ တံတား သုံးစင်း၊ လမ်းအရှည် ၃ မိုင် ၁ ဖာလုံ ထိခိုက်ပျက်စီးခဲ့ပြီး တွန်းဇံမြို့နယ်၌ အမျိုးသမီးတစ်ဦးနှင့် ပလက်ဝမြို့နယ်၌ အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သိရသည်။

ဘေးသင့်ပြည်သူများအား ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ငွေကျပ် ၁၆၉၅၈၂၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားကျပ် ၁၂၀၀၀၀၀ ကို သက်ဆိုင်ရာမြို့နယ်များသို့ ကူညီထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၄၀၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၁ စီး၊ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၀ ဒသမ ၂၉၅၉ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၆ ရက်က တာချီလိတ်လေဆိပ်၌ တာဝန်ကျအကောက်ခွန်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ် Air KBZ လေကြောင်းလိုင်းဖြင့်တာချီလိတ်မှ ရန်ကုန်သို့လိုက်ပါမည့် တရုတ်နိုင်ငံသားခရီးသည်၏ ခြေအိတ်အတွင်း ခြေဖဝါးအောက်၌ သိုဝှက်သယ်ဆောင်လာသည့် ရွှေဟုယူဆရသော အတုံးလေးတုံး ၂ ဒသမ ၁၅ ကီလိုဂရမ်ခန့် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၇ ဒသမ ၁၀ သန်းခန့်အား တွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သိုဝှက်သယ်ဆောင်လာသည့် ရွှေဟုယူဆရသော အတုံးများ

# ရေလမ်းခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေး အများပိုင် ကစ္ဆပနဒီ(၁) ရေယာဉ်ပြေးဆွဲ

**တောင်ကုတ် ဇွန် ၇**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သွားလာမှုအဆင်ပြေစေရန်အတွက် အများပိုင် ကစ္ဆပနဒီ(၁) ရေယာဉ်ကို အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့တိုင်း တောင်ကုတ်မှ စစ်တွေသို့ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယင်းကစ္ဆပနဒီယာဉ်မှာ တစ်နာရီလျှင် မိုင် ၂၀ နှုန်း မောင်းနှင်လျက်ရှိပြီး တောင်ကုတ်မှစစ်တွေသို့ ခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် တောင်ကုတ်မှ ကျောက်ဖြူသို့ ငွေကျပ် ၇၀၀၀၊ တောင်ကုတ်မှ မြေပုံသို့ ငွေကျပ် ၁၀၅၀၀ ဖြင့် ဈေးနှုန်းချိုသာစွာပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် GPS စနစ်၊ CCTV ကင်မရာများတပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါရေယာဉ်မှာ ဂျပန်နိုင်ငံမှ လှူဒါန်းထားခြင်းဖြစ်ပြီး ခရီးသည် ၁၃၀ ခန့် စီးနိုင်ကာ ဝန်ဆောင်မှုအနေဖြင့် ခရီးသည်များအား ထမင်းဘူးနှင့်ရေသန့်ဘူးများ ပေးကြောင်း တောင်ကုတ်မြို့ပြည်တွင်းရေကြောင်း မန်နေဂျာ ဦးစံလင်းက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် ငါးခူရကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့နံနက် ၁ နာရီခန့်က ငါးခူရကျေးရွာ ပုစွန်ကန်အနီး တာရိုးပေါ်၌ မသင်္ကာသူနှစ်ဦး တွေ့ရှိသဖြင့် ရပ်တန့်ခိုင်းစဉ် တစ်ဦးမှာ ထွက်ပြေးသွားပြီး ကျန်တစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ခန့်မှန်း ကာလတန်ဖိုးငွေကျပ် သိန်း ၃၈၀ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသည့် ငါးခူရတောင်ရွာနေ အဇ္ဈာဝါရှားနှင့် ထွက်ပြေးသွားသူ ဟာရှိမ်းတို့အား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂွမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ-သံတွဲကားလမ်း၌ ၁၀ဘီးယာဉ် တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင်အား ယမန်နေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁ နာရီခန့်က ဂွ-သံတွဲကားလမ်းတွင် မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်အား စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင်ကို ဖမ်းဆီးရမိခဲ့သဖြင့် ယာဉ်မောင်း နိုင်လင်းနှင့် ရန်ရှင်းအောင် တို့အား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြစ်မှုကျူးလွန်ထားသောယာဉ်ကိုအသုံးပြုနေသူများအား အရေးယူ

**ရန်ကုန် ဇွန် ၇**

ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အမှတ်(၉၉)နေ လူငယ်နှစ်ဦးသည် ကားတစ်စီးအား မောင်းနှင်အသုံးပြုနေပြီး အဆိုပါကားကို ရပ်ကွက်အတွင်းယူဆောင်လာခြင်းမပြုဘဲ လမ်းကြားတစ်ခုတွင် ဝှက်ထားလေ့ရှိကြောင်း အမှတ်(၁၀)ရပ်ကွက် နယ်ထိန်းတပ်ကြပ် ခင်မောင်ထွန်း၏ သတင်းရရှိတင်ပြမှုအရ မြို့နယ်ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို ယာဉ်နှင့်အတူ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

နယ်ထိန်းအရာရှိ ဒုရဲအုပ် မြတ်မင်းအောင်နှင့် အဖွဲ့၏ စုံစမ်းချက်အရ ယင်းကားကို မောင်းနှင်အသုံးပြုနေသူများမှာ ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ အောင်ငြိမ်းအေး နှင့် သန့်ဇင်ဦး(ခ)ဦးတီပွားတို့ဖြစ်ကြောင်း၊ အဆိုပါ 6L/--- MIRA ယာဉ်ကို ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်းကြား၌ ရပ်တန့်ထားကြောင်း သတင်းရရှိခဲ့သည်။

ထို့အပြင် အဆိုပါယာဉ်မှာ ဗဟန်းမြို့မရဲစခန်း (ပ)၂၃၀/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၇၉ (ကား)အမှုမှ သက်သေခံယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဗဟန်းမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ဝင်းမင်းထွန်းတို့အဖွဲ့က အောင်ငြိမ်းအေးနှင့် သန့်ဇင်ဦးတို့အား ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက အောင်ငြိမ်းအေး



ကို ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ပြီးနောက် ကျန်ပြစ်မှုကျူးလွန်သူ သန့်ဇင်ဦးကို ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ စက်သုံးဆီဆိုင်ထိပ်၌ ဖမ်းဆီးရမိခဲ့သည်။ အောင်ငြိမ်းအေးနှင့် သန့်ဇင်ဦးတို့ ၏ ထွက်ဆိုချက်အရ အဆိုပါယာဉ်ကိုစွဲ၌ ဗဟန်းမြို့နယ် အင်းလျားကန်ပေါင်တွင် တွေ့ဆုံရင်းနှီးခဲ့သော ဖက်တီးနှင့် အသေးလေးတို့ပါဝင်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဗဟန်းမြို့မရဲစခန်းက ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်သော် (ကမာရွတ်)**

# အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်၍ တစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၇**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် လွန်းကျိုင်းကျေးရွာ တာချီလိတ်-ဝမ်ပုံကားလမ်း၌ ဇွန် ၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း တာချီလိတ်မြို့မှ ဝမ်ပုံဘက်သို့ တာချီလိတ်မြို့နယ် ဝမ်တုံကျေးရွာနေ စိုင်းလုံ(၃၅ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ စိုင်းအိုက်ကျောက်(၄၀ နှစ်)နှင့် စီဝမ်းထောင်းကျေးရွာနေ အိုက်ခမ်း(၃၉ နှစ်)တို့ လိုက်ပါလာသည့် HONDA FIT ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့ရာ စိုင်းလုံနှင့် အိုက်ခမ်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ကုသနေစဉ် စိုင်းလုံမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားသောကြောင့် စိုင်းလုံအား ဝမ်ပုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းထားစဉ် အပူရှိန်လွန်ကဲပြီး မီးလောင်

**နေပြည်တော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက်၌ ဇွန် ၅ ရက် ည ၉ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တာဟန်း လှုပ်ရှားရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဦးသောင်းဝင်း(ခ)ရဲဘော်ကြီး(၄၅ နှစ်)၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်၌ ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းထားစဉ် အပူရှိန်လွန်ကဲပြီး နေအိမ်ထရံအား မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ၎င်းအား ကလေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက်က တောင်ကြီးမြို့နယ် အေးသာယာမြို့အဝင်လမ်းဆုံ၌ ဝင်းဇော်ဦး မောင်းနှင်ပြီး မအေးဝင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ မအေးဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ နှင့် ယာဉ်၏နောက်ခန်း ကြမ်းခင်းအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ကျေးရွာအုပ်စု မန်ဝိန်းရပ် ပန်လုံ(၃)လမ်းသွယ် စီးကရက်စက်ရုံဘေးလမ်း အိမ်အမှတ် (မ၀/၁၁၀)နေ ထွန်းလွင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်း ရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် တမူး-ကလေးလမ်းမပေါ်ရှိ ဂန္ဓမာစားသောက်ဆိုင်အနီး၌ ထွန်းကြည် မောင်းနှင်ပြီး သိန်းစိုး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၁၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမ်းမြို့နယ်၌ ခြံစည်းရိုးတိုင်ကျင်းများတူးဖော်စဉ် လက်ပစ်ဗုံးနှင့် ကျည်တောင့်များတွေ့ရှိ

**အမ်း ဇွန် ၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇွန် ၆ ရက် ညနေ ၆ နာရီခွဲက မဲလက်မောင်းကျေးရွာအုပ်စု မဲလက်မောင်းကျေးရွာ၌ ဦးမောင်သန်းတိုးသည် ခြံစည်းရိုးတိုင်ကျင်းများတူးစဉ် လက်ပစ်ဗုံးနှစ်လုံးနှင့် သေနတ်ကျည်ခုနစ်တောင့်တွေ့ရှိကြောင်း မဲလက်မောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝေလင်းထံ သွားရောက်အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာဌာနသို့ သတင်းပေးပို့ခဲ့သည်။

သတင်းပေးပို့မှုအရ ကဇုကိုင်း ရဲကင်းမှူး ရဲအုပ် မောင်မောင်နိုင်နှင့် ရဲတပ်သားများ၊ နယ်မြေခံတပ်မတော်သားများက မိုင်းရှာပစ္စည်းများဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ လက်ပစ်ဗုံး ၃၆ လုံး၊ ၃၀၃ ကျည် စုစုပေါင်း အတောင့် ၄၈၀ နှင့် ၉ မမ ကျည် ရှစ်တောင့်တို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာ၌ မွေးကင်းစကလေးငယ် အလောင်းစွန့်ပစ်မှုဖြစ်ပွား

**မိတ္ထီလာ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရတနာမာရ်အောင်ရပ်ကွက် ကန်တော်မင် နယ်မြေ ရေကျော် ၇ ပေါက်အနီး၌ ဇွန် ၆ ရက်က မွေးကင်းစကလေးငယ်အလောင်း စွန့်ပစ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ ဒုရဲအုပ် အောင်မင်းသူသည် တာဝန်ထမ်းဆောင်နေစဉ် ကန်တော်မင်နယ် မိတ္ထီလာတောင်ကန် ရေကျော် ၇ ပေါက်အနီး၌ ကလေးအလောင်း တစ်လောင်းတွေ့ရှိကြောင်း သတင်းရရှိသဖြင့် မြို့မရဲစခန်းစခန်းမှူး ဒုရဲမှူးခင်မောင်စိုး၊ ဒုတပ်ကြပ် အောင်စိုး၊ တပ်သားအောင်လင်းစိုးတို့နှင့်အတူသွားရောက်စစ်ဆေးရာ မွေးကင်းစကလေးငယ် ၁၄ ရက်သားခန့် ယောကျ်ားလေးအလောင်းတစ်လောင်းကို ပြင်ပဒဏ်ရာမရှိဘဲ စွန့်ပစ်ထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကလေးအလောင်းကို လာရောက်စွန့်ပစ်ထားသူအား စုံစမ်းအရေးယူနိုင်ရေးအတွက် မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေနှင့်အတူမျောပါ၍ လူနှစ်ဦးသေဆုံး

**ညောင်ရွှေ ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် စံကားကျေးရွာအုပ်စု ကုန်းပြားကျေးရွာ၌ ဇွန် ၆ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာသဖြင့် ရေစီးနှင့်အတူ မျောပါသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုန်းပြားကျေးရွာအနောက်ဘက်ရှိ ဦးထိုက်၏ ခရမ်းချဉ်စိုက်ခင်း၌ ဦးထိုက်နှင့် ၎င်း၏သမီးဖြစ်သူ မနန်းကြည်၊ နောင်ပိုရွာနေ ဦးညို့တို့နှင့်အတူ စိုက်ခင်းအတွင်း အလုပ်လုပ်နေစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းလာသဖြင့် စိုက်ခင်းမှနေအိမ်သို့ပြန်ရန် ခရမ်းချဉ်စိုက်ခင်းအတွင်းရှိ ချောင်းရေအား ဖြတ်ကူးစဉ် သုံးဦးစလုံး ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး ဦးထိုက်မှာ အခင်းဖြစ်နေရာ၌ပင် ရေနစ် သေဆုံးခဲ့သည်။ ထို့နောက် မနန်းကြည်နှင့် ဦးညို့တို့ကို နန်းပန် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဆေးဝါးကုသမှုခံယူနေစဉ် မနန်းကြည်မှာ ဆေးရုံ၌ သေဆုံးသွားခဲ့ပြီး ဦးညို့မှာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နန်းပန် နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက် )**


## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာ အုပ်စု၊ ဒယောက်ကူးကျေးရွာ၊ အလက(ခွဲ)ကျောင်း၌ မငွေဇင်လင်း၊ မပပလင်း၊ မသဲရတနာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၉/တကန(နိုင်)၁၂၆၂၃၉ ဖြစ်ပါသည်။ **ဦးကျော်လင်း**

## အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အထက(၁၀)ပထမတန်းမှ မောင်သီဟအား မောင်အောင်ဆန်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဆန်းပိုင်**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ (ဘ)ဦးလှငွေး ၉/ရမသ(နိုင်)၀၀၄၂၀၆ သမီး မရတနာလှငွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၃-၁၉၉၅ ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၉၈ပေ× ၆၀ပေ) အမြင့် (၁၇ပေ) အတွင်းအပြင် (ရေ၊ မီး၊ ဆေးအပါအဝင်) Over head Tank, Pump House (300)Gal Ground Tank, 4" Tube Wel1, 8" Thk Concrete road၊ မြေကာနံရံ၊ မီလ္လာအပါအဝင် မော်တော်ယာဉ်များစစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၈-၆-၂၀၁၇ ရက်
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၇ ရက် ညနေ ၁၆း၃၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** - ၃၀-၆-၂၀၁၇ ရက်၊ နံနက် ၁၀း၀၀ နာရီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ရှမ်းပြည်နယ်ရုံး(တောင်ကြီး)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)တွင် ၈-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)ဖုန်း-၀၈၂-၂၂၀၃၃၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**






## မိခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ လကရ(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မထွန်းထွန်းအေး၊ မပြည့်ပြည့်နိုင်နှင့် ပျဉ်ပြား မူလတန်းကျောင်း မယွန်းရွှေစင်ဝင်းတို့၏ မိခင် ဒေါ်မြင့်မြင့်အေးအား ဒေါ်မဲလုံး ၉/ရမသ(နိုင်)၀၈၉၆၈၆ ဟုပြောင်းလဲခေါ်ပါရန်။ **ဒေါ်မဲလုံး**

## အမည်ပြောင်း

မန္တလေးမြို့ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း (ဘ)ဦးအုံ့မော်၏သမီး န၀မတန်းကျောင်းသူ မဆုမြတ်မွန်၏ အမည်အား မဆုမြတ်နိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုမြတ်နိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁)၊ ဦးပိုင်အမှတ်(၂၀)၊ ၇၃လမ်းအနောက်ဘက်၊ မြဝတီမင်းကြီး× မြို့ရိုးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်လွင်၊ ဒေါ်သီတာတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၉၈၆/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သန်းလှိုင် ၅/မရန(နိုင်)၀၁၂၃၂၉ မှ အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(က) မှ မဝတ်မှုံဖူး၏ ဖခင်အမည်မှန်မှာ ဦးမျိုးလတ်၁၄/ကကန(နိုင်)၁၀၈၇၀၆ ဖြစ်ပါကြောင်း။ **ဦးမျိုးလတ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ဘိုးဦးစိန်ကျေးရွာ၊ အခြေခံပညာအထက်တန်း ကျောင်း သတ္တမတန်းမှ မဒါလီလင်းနှင့် ဒုတိယတန်းမှ မောင်ရဲရင့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြငွေး(ခ)ဦးအောင်မြတ်ငွေး ၇/ဝမန(နိုင်)၀၃၆၅၅၉ ဖြစ်ပါကြောင်း။ **ဦးမြငွေး(ခ)ဦးအောင်မြတ်ငွေး**

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ဘိုးဦးစိန်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မရွှေနှင်းဆီ၏မွေးသက္ကရာဇ်မှာ ၁၆-၁-၂၀၀၂ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၇/ဝမန(နိုင်)၀၈၆၇၄၂ ဖြစ်ပါကြောင်း။ **ဦးဝင်းကိုကို**

## မိခင်အမည်မှန်

အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား မောင်အောင်ဇင်လတ်၏ မိခင်အမည်မှန်မှာ ဒေါ်ရင်ကြည် ၇/ဝမန(နိုင်)၀၆၆၀၆၁ ဖြစ်ပါကြောင်း။ **ဒေါ်ရင်ကြည်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အိမ်အမှတ်(မ-၂၇၆)၊ ပေါ်ဆန်းမွှေးလမ်း၊ အကွက်အမှတ်(၄၃-မင်္ဂလာ)၊ ဦးပိုင်(၄၁/ဃ)၊ ဧရိယာ ၀ဒသမ၁၄၇ ဧကရှိ မြေကွက်ကို မိခင်ဒေါ်နော်ဆာလာပိုင်ဆိုင်နေထိုင်လာပါသည်။ မိခင်သည် လွန်ခဲ့သော ၁၀ နှစ်က ကွယ်လွန်သွားပြီဖြစ်သည်။ သား ဦးကယားမောင်၊ တူမဒေါ်ရီတာတို့နှင့်အတူ နေထိုင်လာခဲ့ကြပါသည်။ ဒေါ်နော်ဆာလာ ပိုင်ဆိုင်နေထိုင်လာသည့် မြေကွက်ကို သားဖြစ်သူဦးကယားမောင်က အကျိုးခံစားခွင့်မပြုဘဲ အတူနေညီမဝမ်းကွဲ ဒေါ်ရီတာသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ကြောင်း ဝန်ခံကတိစာချုပ်ဖြင့် ၂၂-၁၀-၂၀၀၈ ရက်တွင် လက်မှတ်ရေးထိုးထားပါသည်။ မြေကွက်ကို ကျွန်မဒေါ်ရီတာအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်ရီတာ ၂/လကန(နိုင်)၀၁၈၆၂၀**
**မ-၂၇၆၊ မင်္ဂလာရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ လှိုင်ကော်မြို့**
**ဖုန်း-၀၉-၄၂၉၄၀၂၃၇၃**

# ကုန်သွယ်မှုမြှင့်တင်ရေး၏ စီးပွားရေးဥပဓိရုပ်

**မောင်သန်းဝင်းရွှေ**

ကုန်သွယ်ရေးသည် နိုင်ငံတိုင်း၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များတွင် တစ်ရပ်အပါအဝင်ဖြစ်ပါသည်။ ကုန်သွယ်ရေးတွင် ပြည်တွင်းကုန်သွယ်ရေးနှင့် ပြည်ပကုန်သွယ်ရေးဟူ၍ နှစ်ပိုင်းစိတ်ဖြာနိုင်သည်။ ပြည်တွင်းကုန်သွယ်ရေးကို တည်ဆဲဓလေ့ထုံစံများ၊ လုပ်ထုံးလုပ်နည်းများအရ ရုပ်လုံးဖော်ကြပြီး ပြည်ပကုန်သွယ်ရေးကိုမူ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးသရုပ်နှင့် သဘာဝပေးအခွင့်အရေးများနှင့်အညီ သရုပ်ဖော်သည်ဖြစ်ရာ နယ်စပ်ကုန်သွယ်ရေး၊ ဒေသတွင်း ကုန်သွယ်ရေး၊ နိုင်ငံတကာကုန်သွယ်ရေးဟူ၍ ခွဲခြားပြီး သရုပ်ဖော်ကြသည်။ ပြည်တွင်းကုန်သွယ်ရေးသည် စားသုံးမှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံဖြစ်ပြီး ပြည်ပကုန်သွယ်ရေးသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုအတွက် ဥပဓိရုပ်တစ်ရပ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးတွင် စီးပွားရေးဥပဓိရုပ်ရှိသည်ဟု မျက်မှောက်ခေတ်စီးပွားရေးဖွံ့ဖြိုးမှုသမိုင်းစဉ်က အသိအမှတ်ပြုလာကြခြင်းပင်ဖြစ်ပါသည်။

"တင်ပို့ခြင်းဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်"။ "ပို့ကုန်သွင်းကုန် ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သည့် သို့မဟုတ် နိုင်ငံတော်အတွင်းသို့တင်သွင်းသည့် ကုန်ပစ္စည်း သို့မဟုတ် နည်းပညာတစ်ရပ်ရပ်ကိုဆိုသည်"ဟူ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ)တွင် အထက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည်ဟု ပြဋ္ဌာန်းထားသည်။ စီးပွားရေးသဘောအရ ပို့ကုန်များ၏ တန်ဖိုးကို သင်္ဘောပေါ်ရောက်တန်ဖိုး(free on board-f.o.b)ဖြင့် ရောင်းချပြီး သွင်းကုန်များကို ဆိပ်ကမ်းအရောက်တန်ဖိုး (Cost insurance freight- c.i.f)ဖြင့် ဝယ်ယူသည်။ အသားတင်ဖော်ပြသောစာရင်းကို ပြည်ပ ကုန်သွယ်မှုရှင်းတမ်း Balance of Trade ဟု ခေါ်ပါသည်။ အကယ်၍ သွင်းကုန်သည် ပို့ကုန်ထက်များခြင်းကြောင့် ပေးငွေသည် ရငွေထက်များနေလျှင် လိုငွေပြပြည်ပကုန်သွယ်မှုရှင်းတမ်း (Deficit balance of trade)ဟု ခေါ်၍ ပို့ကုန်သည် သွင်းကုန်ထက်များခြင်းကြောင့် ရငွေသည် ပေးငွေထက် များနေလျှင် ပိုငွေပြ ပြည်ပကုန်သွယ်မှုရှင်းတမ်း (Surplus balance of trade)ဟုခေါ်သည်။ဤသည်ကို အောက်ပါသရုပ်ပြပုံစံက ပို၍ ရှင်းလင်းစေမည်ဖြစ်သည်။

**သရုပ်ပြပုံစံ**

**(၁) ပို့ကုန်-သွင်းကုန်= (+)ပို့ကုန် > သွင်းကုန်= ပိုငွေပြပြည်ပကုန်သွယ်မှုရှင်းတမ်း**

**(၂) ပို့ကုန်-သွင်းကုန်= (-)ပို့ကုန် < သွင်းကုန်= လိုငွေပြပြည်ပကုန်သွယ်မှုရှင်းတမ်း**

ပို့ကုန်လုပ်ငန်းတွင် အရေးပါသော အချက်တစ်ရပ်မှာ ကုန်စည် တင်ပို့ရောင်းချမှုဆိုင်ရာ ဥပဒေအချက်အလက်များ(Legal issues)ကို သုတေသနပြုလုပ်ထားရန်ဖြစ်သည်။ အထူးသဖြင့် မိမိပို့ကုန်လုပ်ငန်းအတွက် ပြည်တွင်း၊ပြည်ပ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန် နိုင်ငံတကာကုန်သွယ်မှုဥပဒေများကို အထူးလိုက်နာရန် လိုအပ်ပေသည်။ သို့မှသာ ချောမွေ့သော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့အတူ နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ချောမွေ့သော စီးပွားရေးဥပဓိရုပ်များကို ဖော်ဆောင်၍ ကုန်သွယ်မှုမြှင့်တင်ရေးကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မျက်မှောက် နိုင်ငံတကာကုန်သွယ်ရေးတွင် ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်ကြရာ၌ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးကို နိုင်ငံတကာကုန်သွယ်ရေးမူဝါဒအဖြစ်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ရပေသည်။ နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်တွင် မျက်မှောက်ကာလအတွက် အဓိကထားနေသော စီးပွားရေးဥပဓိရုပ်ရှိသည့် အရေးပါသောအသုံးအနှုန်းများအရ လုပ်ဆောင်မှုများသည် အောက်ပါအတိုင်းဖြစ်ပေသည်။

(က) **သွင်းကုန်ခွန်** (Tariffs )ဟူသည် စားသုံးသူဆွဲဆောင်မှုလျော့နည်းစေရန်၊ ကုန်ဈေးနှုန်းမြင့်စေရန် ပြည်ပသွင်းကုန်အပေါ် ကောက်ခံသည့်အခွန် ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများ (LDCs)တွင် အစိုးရဘဏ္ဍာငွေရရှိစေရန် ကောက်ခံလေ့ရှိသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများကို နိုင်ငံခြားယှဉ်ပြိုင်မှုဒဏ်မှ ကာကွယ်ရန် ပို၍အသုံးများသည့် သဘောတရားကို အခြေခံလေ့ရှိသည်။

(ခ) **သွင်းကုန်ခွဲတမ်း** (Import Quotas) ဟူသည် ကုန်စည်တစ်မျိုးမျိုးအတွက် နိုင်ငံအတွင်းတင်သွင်းနိုင်သော အရေအတွက် ကန့်သတ်ချက် ဖြစ်သည်။ တင်သွင်းသည့်အရေအတွက်ကို ကန့်သတ်ခြင်းဖြင့် ထိုကုန်စည်၏ရောင်းဈေးကို မြင့်တက်စေသည်။ ဤသို့ဖြင့် ယှဉ်ပြိုင်မှုကို ထိန်းချုပ်ပေးရာလည်း ရောက်စေပါသည်။

(ဂ) **ပို့ကုန်ခွဲတမ်း** (Export Quotas )ဟူသည် နိုင်ငံတစ်နိုင်ငံက တင်ပို့နိုင်သည့် ပို့ကုန်အရေအတွက်ကို နိုင်ငံတကာသဘောတူစာချုပ်များဖြင့် ကန့်သတ်ထားခြင်း ဖြစ်ပါသည်။ ဤသို့လျှင် နိုင်ငံတစ်နိုင်ငံအတွင်းသို့ တင်သွင်းသည့် ကုန်စည်အရေအတွက်ကို ကန့်သတ်ရာရောက်ပါသည်။ Orderly Marketing Arrangements (OMAs), Voluntary Export Restraints (VERs), Voluntary Restraint Agreements (VRAs) စသည်တို့သည် သဘောတူစာချုပ်များ၊ ဝန်ခံချက်များအဖြစ် အခေါ်အဝေါ်ပြောင်းထားသည့် ပို့ကုန်ခွဲတမ်းကန့်သတ်ချက်များပင်ဖြစ်သည်။

(ဃ) **ပို့ကုန်ထောက်ပံ့ကြေး** (Export Subsidies) ဟူသည် ပြည်ပသို့တင်ပို့သည့်ကုန်ပစ္စည်း၏ ရောင်းဈေးကို လျော့နည်းစေရန် ဆောင်ရွက်မှုမှန်သမျှကို ခေါ်သည်။ နိုင်ငံခြားဝယ်လက်များကို ပိုမိုဆွဲဆောင်နိုင်ရန် စီစဉ်ခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။

(င) **ငွေတန်ဖိုးချခြင်း။** (Currency Devaluation)။ နိုင်ငံတစ်နိုင်ငံ၏ငွေကြေးကို တန်ဖိုးချလိုက်ခြင်းဖြင့် အခြားနိုင်ငံသို့တင်ပို့သည့်ပို့ကုန်များ ဈေးချိုလာစေပြီး ထိုနိုင်ငံသို့တင်သွင်းသည့် သွင်းကုန်ဈေး မြင့်တက်သွားစေသည်။ ငွေတန်ဖိုးလျော့သွားခြင်းသည် သွင်းကုန်ရောင်းဈေးမြင့်စေသဖြင့် သွင်းကုန်ခွန်ကောက်သည်နှင့်လည်းကောင်း၊ တစ်ချိန်တည်းမှာ ပို့ကုန်ဈေးလျော့သွားစေသဖြင့် ပို့ကုန်ထောက်ပံ့ကြေးပေးသည်နှင့်လည်းကောင်း အကျိုးသက်ရောက်မှုချင်း အတူတူပင်ဖြစ်သည်။ ငွေကြေးတန်ဖိုးသည် ကူးသန်းရောင်းဝယ်သည့်ကုန်စည်များအားလုံး၏ ရောင်းဈေးကို အကျိုးသက်ရောက်စေသည်။ သွင်းကုန်ခွန်နှင့် ပို့ကုန်ထောက်ပံ့ကြေးတို့မှာ ကုန်စည်တစ်မျိုးအပေါ် တစ်ကြိမ်သာ အကျိုးသက်ရောက်နိုင်ပေသည်။

(စ) **သွင်းကုန်ခွန်မဟုတ်သည့် အတားအဆီးများ**(Non-tariff Barriers- NTBs)။ ပြည်ပသွင်းကုန်ကို ထိန်းချုပ်ကန့်သတ်ရာတွင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေး စံချိန်သတ်မှတ်ချက်များ၊ ပြည်တွင်းဥပဒေများအရ ပါဝင်မှုသတ်မှတ်ချက် (Domestic content legislation) ဥပမာ- ဓာတုပစ္စည်းပါဝင်မှု၊ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ထားသည့် လိုအပ်ချက်များ၊ ကုန်ပစ္စည်းအမှတ်တံဆိပ် အမှတ်အသားကိုက်ရမည့် သတ်မှတ်ချက်များနှင့် အရည်အသွေးစမ်းသပ် စစ်ဆေးခြင်းများစသည်တို့ ယေဘုယျအားဖြင့် အကျုံးဝင်သည်။ တင်သွင်းရောင်းချရန် အခက်အခဲဖြစ်စေပြီး ရောင်းဈေးနှုန်းကိုလည်း မြင့်တက်စေနိုင်သည်။

(ဆ) **ကုန်သွယ်မှုမဟာဗျူဟာကျင့်စဉ်** (Strategic Trade Practices) ထုတ်ကုန်တစ်မျိုး၏ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ကြေးပေးခြင်းကဲ့သို့ နည်းလမ်းဖြင့် ယှဉ်ပြိုင်မှုအားသာချက်တိုးတက်လာရန် နိုင်ငံတော်က ဖန်တီးခြင်း၊ နိုင်ငံခြားပြိုင်ဘက်များထက် ထုတ်လုပ်စွမ်းရည် ပိုမိုမြင့်မားလာစေရန် ကူညီထောက်ပံ့ခြင်းစသည့် စီစဉ်ကြိုးပမ်းမှုများ ဖြစ်သည်။ နိုင်ငံ၏ စက်မှုလုပ်ငန်းမူဝါဒများချမှတ်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးပုံစံတစ်ရပ် ဖော်ထုတ်ရန် အစိုးရက ဝင်ရောက်ဆောင်ရွက်ခြင်းများဖြင့်လည်း ပါဝင်လေ့ရှိသည်။

(ဇ) **ပုံတိုက်ခြင်း**(Dumping)။ ပြည်တွင်းမှာ ရောင်းသောဈေးထက် နည်းသည့်ဈေးဖြင့် ရောင်းချနည်းဖြစ်သည်။ လက်ဝါးကြီးအုပ်ရန်ရည်ရွယ်လျက် ပို့ကုန်ဈေးကွက်မှ ပြိုင်ဘက်များကို မောင်းထုတ်ရန် ဤနည်းကိုသုံးခြင်းမှာ မမျှတသောကုန်သွယ်မှုနည်းလမ်းဖြစ်သည့် အခြေခံသဘောကို ဆောင်ပါသည်။

(ဈ) **တန်ပြန်ခုခံကုန်သွယ်မှု**(Countervailing Trade Practices)။ အခြားနိုင်ငံက ကိုယ်ကျိုးစီးပွား ကာကွယ်မှုပြုလုပ်ခြင်းဖြင့် အသာစီးယူမှုကို တန်ပြန်ခုခံရေးအစီအမံများဖြစ်သည်။ ပုံတိုက်မှု ဆန့်ကျင်တိုက်ဖျက်ခြင်း(Antidumping) ဆောင်ရွက်ခြင်း၊ သွင်းကုန် ခွန်ကောက်ခံခြင်းနှင့် သွင်းကုန်ခွဲတမ်းသတ်မှတ်ခြင်း နည်းလမ်းတို့ဖြင့် လက်တုံ့ပြန်နိုင်သည့် ကုန်သွယ်မှုမျိုးကို ဆိုလိုသည်။

(ည) **တားဆီးကာကွယ်မှုများ**(Safeguards) ။ သွင်းကုန်ခွန်လျှော့ချပေးလိုက်သည့်အခါ ပြည်တွင်းထုတ်လုပ်သူများကို ထိခိုက်နစ်နာစေသည်အထိ အမျိုးတူ သို့မဟုတ် ထိပ်တိုက်ယှဉ်ပြိုင်စေသည့် ကုန်ပစ္စည်း အမျိုးအစားကို အရေအတွက်မြောက်မြားစွာ တင်သွင်း လာတတ်ခြင်းအန္တရာယ်မှ တားဆီးကာကွယ်သည့် အနေဖြင့် ခုခံရေးဆောင်ရွက်သည့် အစီအမံများဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့် စီးပွားရေးဥပဓိရုပ်၏ လုပ်ဆောင်မှုများဆိုင်ရာ အဓိပ္ပာယ်နှင့် နည်းလမ်းများကို ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အလေးပေး၍ ကိုယ်ကျိုးစီးပွားရေးကာကွယ်ကြရာဝယ် အမျိုးသားစီးပွားရေးအဆောက်အအုံ၏ ပင်မစီးပွားရေးအသွင်အပြင်ဖြစ်သည့် ဈေးနှုန်း တည်ငြိမ်ရေး၊ ခြိုးခြံချွေတာမှု၊ သွင်းကုန်လျှော့ချရေး၊ လူမှုလုံခြုံရေး ဟူသော အခြေခံမှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သည့် မူဝါဒ(Policy) တစ်ရပ်ကို ချမှတ်မှသာ ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်သည် အောင်အောင်မြင်မြင်ဖြင့် အကျိုးအမြတ်ရှိမည်ဖြစ်ပေသည်။

(က) **"ဈေးနှုန်းတည်ငြိမ်ရေးမှု"**ဟူသည်ငွေဖောင်းပွနှုန်း လျော့ကျစေရန်အတွက် ကန့်သတ်ထိန်းချုပ်ရေးပေါ်လစီများကို ပြဋ္ဌာန်းစေခြင်းဖြစ်ပြီး ငွေဖောင်းပွမှုနှုန်းမှာ မခန့်မှန်းနိုင်လောက်အောင် မြင့်တက်နေခြင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချေးငွေထုတ်ပေးသူများကို ခြောက်လှန့်နှင်ထုတ်ရာ ရောက်စေနိုင်သည်။ ငွေဖောင်းပွမှုနည်းပြီး ငွေတန်ဖိုးတည်ငြိမ်မှသာ ရင်းနှီးမြှုပ်နှံလိုကြမည် ဖြစ်သည်ဟု အခြေခံသဘောတရားလည်း ရှိပေမည်။

(ခ) **"ခြိုးခြံချွေတာရေးမှု"**ဟူသည် အစိုးရ၏ အသုံးစရိတ်နှင့် ထောက်ပံ့ငွေတို့ကို လျှော့ချဖြတ်တောက်ရန်၊ အခွန်အတုတ် တိုးမြှင့်ကောက်ခံရန်နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးရန် လိုအပ်သည်။ ဤသို့ကျင့်သုံးခြင်းဖြင့် အစိုးရအနေဖြင့် ချေးငွေရယူမှု လျော့နည်းစေမည်ဖြစ်သည်။ ချေးငွေယူခြင်းကြောင့် နိုင်ငံ၏ငွေလုံးငွေရင်း စာရင်းတွင် အကျပ်အတည်းများ ဖြစ်စေနိုင်သည်ကိုလည်း အထူးသတိပြုရန်လည်းလိုအပ်ပေမည်။

(ဂ) **"သွင်းကုန်ခွန်လျှော့ချခြင်းမှု"**ဟူသည် ကုန်သွယ်မှုထိန်း ချုပ်ရေး ပေါ်လစီများကို လျှော့ချခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းဖြင့် သွင်းကုန် (အထူးသဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် တစ်ပိုင်းတစ်စ ကုန်ချော) တင်သွင်းရေးနှင့် ပို့ကုန်တိုးမြှင့် တင်ပို့ရေးကို တွန်းအားပေးရာရောက်ပေသည်။

(ဃ) **"လူမှုလုံခြုံရေးမှု"**ဟူသည် အစီအစဉ်တစ်ရပ်သာဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သည့် မူဝါဒနှင့် ဆောင်ရွက်ချက်များသည် တိုင်းသူပြည်သားတို့၏ နေထိုင်စားသုံးမှုအဆင့်ကို လျော့ကျစေတတ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတို့တွင် ပို၍ အထိနာစေသည်။ သို့ဖြစ်ရာ သွင်းကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ထောက်ပံ့ကြေးများ လျှော့ချခြင်းနှင့် အခွန်တိုးမြှင့် ကောက်ခံခြင်းတို့ကြောင့် ထိခိုက်နစ်နာမှု မကြီးမားစေရန် လူမှုလုံခြုံရေးမှုကို အစီအစဉ်များဖြင့် စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ရခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် ပို့ကုန်ပို့ရန် အသင့်အနေအထား ရှိနေကြသလို သွင်းကုန်တင်သွင်းရန်လည်း ထို့အတူပင်ဖြစ်ပါသည်။ တစ်နည်းဆိုသော် ပို့ကုန်သွင်းကုန်များသည် ကမ္ဘာအနှံ့အပြားတွင် အဆင်သင့် ဖြစ်နေကြပါသည်။ ကုန်စည်အမျိုးအမည်များလည်း တစ်နေ့တခြား များပြားသထက် များပြားလျက် အမျိုးအမည်များလည်း စုံလင်ကြပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းသည် အခြားသော လုပ်ငန်းများနှင့် နှိုင်းယှဉ်လိုက်လျှင် ဆုံးရှုံးနစ်နာနိုင်ခြေ (risk) အတန်အသင့်သာရှိသော လုပ်ငန်းဖြစ်ပေသည်။ သို့သော် ငွေအရင်းအနှီးဖြင့် ရင်းနှီး၍ စွန့်စားမှုပြုလုပ်ရသည့် စွန့်စားမှုတစ်ရပ် ဖြစ်သည်နှင့်အညီ ပြန်ရချက်နှုန်း (rate of return) သေချာမှ ရင်းနှီးမြှုပ်နှံလိုသည်မှာ သဘာဝပင် ဖြစ်ပါသည်။ ထို့ကြောင့် ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ အခြေခံမှု ချမှတ်ခြင်းတွင် သင့်လျော်သော ဆွဲဆောင်မှု မက်လုံး (calculated risk) ရှိစေရေးကိုလည်း ထည့်သွင်းစဉ်းစားလာကြခြင်း ဖြစ်ပါသည်။

ကုန်သွယ်မှုသည် အရင်းအနှီးအသင့်အတင့် လိုအပ်သော လုပ်ငန်းများတွင် ပါဝင်သည်။ ထို့ကြောင့် လုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီကြီးများအပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) ပါ ဝင်ရောက်လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်ပေသည်။ မျက်မှောက် မြန်မာ့ခေတ်သစ် စီးပွားရေးသမိုင်းမှတ်တိုင်သည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ(AFTA)များ အသက်ဝင်လာနေချိန်ဖြစ်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာ့အင်အားကြီး စီးပွားရေးအသိုက်အဝန်း၊ ပြင်သစ်၊ ဂျာမနီ စသည့်အီးယူ (EU) စီးပွားရေး အသိုင်းအဝိုင်းများနှင့် ဆက်ဆံခွင့်ရရှိလာသည့် စီးပွားရေး အလားအလာကောင်းများလည်း ပေါ်ထွန်းလာနေပြီဖြစ်သည်။ ထို့ကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းသည် မြန်မာ့စီးပွားရေး အသိုင်းအဝိုင်းမှ အကြီး၊ အလတ်၊ အငယ်သုံးရပ်သော စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်း ရရှိနေချိန်ဖြစ်သည်။ ဤအချိန်တွင် ကုန်သွယ်မှုမြှင့်တင်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ကြပါလျှင် ကုန်သွယ်မှု မြှင့်တင်ရေး အရှိန်အဟုန် ကောင်းရပေမည်။ တစ်နည်းဆိုရသော် "ရေမြင့်လျှင် ကြာလည်းတင့်"မည်သာဖြစ်သည်။

ထို့ကြောင့် ကုန်သွယ်မှု မြှင့်တင်ရေးကို ဆောင်ရွက်ကြရာ၌ အထက်တွင် တင်ပြသောစီးပွားရေး ဥပဓိရုပ်များနှင့် ယှဉ်တွဲစဉ်းစားရန် လိုအပ်သော ကုန်သွယ်မှုအခြေခံအတွေးအခေါ် အသွင်အပြင်များနှင့်အတူ အဖွဲ့အစည်းဆိုင်ရာမူဝါဒ (Organization policy)၊ လူ့စွမ်းအားစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ (Human Resources Management Policy)၊ ရောင်းဝယ်ဖြန့်ဖြူးရေးဆိုင်ရာ မူဝါဒ (Marketing policy)၊ ထုတ်လုပ်မှုဆိုင်ရာမူဝါဒ (Production Policy)၊ နိုင်ငံခြားကုန်သွယ်မှုမူဝါဒ (Foreign Trade Policy)၊ ဘဏ္ဍာရေးမူဝါဒ (Financial Policy)၊ သုတေသနနှင့် ဖွံ့ဖြိုးရေးမူဝါဒ (Research and Development Policy)၊ သတင်းဖြန့်ချိမှုဆိုင်ရာမူဝါဒ (Information Policy) များကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ချမှတ်၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ပါလျှင် ကုန်သွယ်မှုမြှင့်တင်ရေး စီးပွားရေး ဥပဓိရုပ်များ၏ အကျိုးအမြတ်ကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**-Introduction to International Political Economy(Professor David N Balaam & Professor Michaeal Vesth )

**မျက်မှောက် မြန်မာ့ခေတ်သစ် စီးပွားရေးသမိုင်းမှတ်တိုင်သည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ(AFTA)များ အသက်ဝင်လာနေချိန်ဖြစ်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာ့အင်အားကြီး စီးပွားရေးအသိုက်အဝန်း၊ ပြင်သစ်၊ ဂျာမနီ စသည့်အီးယူ (EU) စီးပွားရေး အသိုင်းအဝိုင်းများနှင့် ဆက်ဆံခွင့်ရရှိလာသည့် စီးပွားရေး အလားအလာကောင်းများလည်း ပေါ်ထွန်းလာနေပြီဖြစ်သည်။ ထို့ကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းသည် မြန်မာ့စီးပွားရေး အသိုင်းအဝိုင်းမှ အကြီး၊ အလတ်၊ အငယ်သုံးရပ်သော စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်း ရရှိနေချိန်ဖြစ်သည်။ ဤအချိန်တွင် ကုန်သွယ်မှုမြှင့်တင်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ကြပါလျှင်**

# စားသုံးရန်မသင့်သော တရုတ်နိုင်ငံထုတ်ကြက်ဥများ တတိယအကြိမ်ဖျက်ဆီး



**မြစ်ကြီးနား ဇွန် ၇**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၆ ရက်က စားသုံးရန်မသင့်သော တရုတ်နိုင်ငံထုတ် ကြက်ဥများအား တတိယအကြိမ် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အကောက်ခွန်ဦးစီးဌာနအနေနဲ့ ၂၀၁၇ခုနှစ်အတွင်း တရားမဝင်တင်သွင်းလာပြီး စားသုံးရန်မသင့်တဲ့ အေးခဲကြက်သားနဲ့ ကြက်ဥကို ဖျက်ဆီးခဲ့တာ အခုဆို တတိယအကြိမ်ရှိပါပြီ။ အခု ဖျက်ဆီးတာက မေ ၃၀ ရက်က တရုတ်-မြန်မာနယ်စပ် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးကနေ တရားမဝင်သယ်ဆောင်လာတဲ့ စားသုံးရန်မသင့်တဲ့ ကြက်ဥအလုံး၃၆၀ ပါ ၉၀ ပါကင် တန်ဖိုးငွေကျပ် ၂၅၂၀၀၀၀ ကိုဖျက်ဆီးတာ ဖြစ်ပါတယ်"ဟု မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဌေးကပြောသည်။

ပထမအကြိမ် စားသုံးရန်မသင့်သော တရုတ်နိုင်ငံထုတ် ကြက်ဥတစ်ပါကင်လျှင် ၃၆၀ ပါ ၂၄၂ ပါကင် ဆေးဘဲဥ ၅ ပါကင်၊ အေးခဲကြက်ပေါင်း ၁၅၀ ပါ ၂၇ ပါကင် တန်ဖိုးငွေကျပ် ၆၂၁၈၀၀၀ နှင့် မတ် ၂၅ ရက်က ဒုတိယအကြိမ် ဖမ်းဆီးရမိသော တရုတ်နိုင်ငံထုတ် ကြက်ဥအလုံး ၉၃၆၀ တန်ဖိုးငွေကျပ် ၅၇၂၀၀ တို့ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

"ကချင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ စစ်ဆေးချက်အရ နယ်စပ်ကတစ်ဆင့်တရားမဝင် တင်သွင်းလာတဲ့ တရုတ်ကြက်ဥတွေဟာ ကြက်ငှက်တုပ်ကွေးရောဂါ ပိုင်းရပ်စ်ပိုးများ ပါရှိနိုင်တယ်။ လူကိုလည်း ကူးစက်လာနိုင်တဲ့အပြင် ဒေသတွင်း မွေးမြူရေးခြံတွေ ထိခိုက်နစ်နာလာနိုင်တယ်။ ဒါ့အပြင် အသားတင်မွေးမြူထုတ်ကုန်ဆိုင်ရာ တန်ဖိုးတွေ ကျဆင်းစေနိုင်တဲ့အတွက်ကြောင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့ ဖမ်းဆီးဖျက်ဆီးခြင်းတွေ ပြုလုပ်နေတာဖြစ်တယ်"ဟု ၎င်းက ရှင်းပြသည်။

လက်ရှိ ကချင်ပြည်နယ်၌ နယ်စပ်ဂိတ်များတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော စားသုံးရန်မသင့်သည့် အေးခဲကြက်သား၊ ကြက်ဥ၊ ကြက်အသည်း အမြစ်နှင့်အခြားသောစားသောက် ကုန်များကို တင်သွင်းခွင့်ပိတ်ပင်ထားကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# မြို့နယ်များ၌သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပ

**ဟုမ္မလင်း**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ဟုမ္မလင်းမြို့ပုန်းခြံနှင့် ကလေးအားကစားကွင်းဝင်းအတွင်း၌ ကျင်းပရာ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးသန်းညွန့်၊ အမှတ် (၂)ဦးကျော်ဌေးလွင်၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင်တက်ရောက်လာသူများအား မြို့နယ်သစ်တောဦးစီးဌာနမှ ဖြန့်ဝေသော ကျွန်း ၊ ပျဉ်းကတိုး၊ တမလန်း၊ ခရေ ၊ ပိတောက်၊ ကုက္ကို၊ မန်ကျည်းရှား၊ အော်ရီရှား၊ စိန်ပန်း စုစုပေါင်း အပင် ၄၃၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**နောင်ချို**
နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က နောင်ချိုမြို့ သပြေရေ ရပ်ကွက် သံသရာအေးစေတီတော်ဝန်းကျင်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျွန်း၊ ယမနေ၊ သစ်ဆိမ့်၊ မဲဇလီ၊ ထောပတ်၊ ရေသင်းဝင် စုစုပေါင်း သစ်ပင်မျိုးစုံ အပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

**ရန်ကုန်**
ရွှေတိဂုံစေတီတော် သိဂ္ဂုတ္တရကုန်းတော် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်းရှိ ထန်းပင်ကုန်းကွင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းက သစ်ပင်များကို အဖွဲ့ခေါင်းဆောင်များထံ ပေးအပ်ကာ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကံ့ကော်၊ လင်းလွန်း၊ မယ်ဇယ်၊ စွယ်တော်၊ မဟော်ဂနီ၊ စိန်ပန်း၊ ခရေစသည့် အရိပ်ရပင် နှင့် ပန်းအလှပင် ၅၄၀ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ်**

**မြဝတီ**
မြဝတီမြို့အမှတ်(၅)ရပ်ကွက် ရေပူကျေးရွာတွင် ဇွန် ၅ ရက်က သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဝန်ထမ်းများနှင့် ပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မန်ကျည်းရှား၊ ပျဉ်းကတိုး၊ ခရေနှင့် စိန်ပန်း စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

**ပန်းတောင်း**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ပြည်တော်သာရပ်ကွက်အေးသုခကူညီမှုအသင်းမြေနေရာအတွင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက မြို့နယ်သစ်တောဦးစီးဌာနမှ ဖြန့်ဝေပေးထားသည့် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ရေတမာ၊ သဘော်တယ်၊ ယင်းမာ စုစုပေါင်းအပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ဝ၆၁)**



**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ကျေးလက် ကျန်းမာရေးဌာနခွဲ (ဝင်းပ)၌ ဇွန်လပထမပတ်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား လစဉ်ပုံမှန် ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်စဉ် ခွန်(ဝင်းပ)**

# သစ်လေးလုံး (အထက) ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်း

**ပျဉ်းမနား ဇွန် ၇**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် သစ်လေးလုံး အထက၏ အသစ်တည်ဆောက်ပြီးစီးသည့် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂ ရက်က ကျောင်းဆောင်သစ် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်၊ ဒက္ခိဏခရိုင် ပညာရေးမှူး ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးတို့က ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးသန်းလင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ RCC နှစ်ထပ်ဖြစ်ကာ ကျောင်းသား ကျောင်းသူ ၄၈၀ ပညာသင်ကြားနိုင်ကြောင်း သိရသည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပုသိမ်မြို့ပေါ်ရှိ မိဘမဲ့ကလေးများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ပုသိမ် ဇွန် ၇**
ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပုသိမ်ခရိုင် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ပုသိမ်မြို့ပန်းဆက်ရပ်ကွက်အမှတ် ၁၄ ရှိ တိုင်းလူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနသို့ ကလေးအသုံးအဆောင်ပစ္စည်း၊ ဆေးဝါးများလှူဒါန်းခြင်းနှင့် ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးခြင်းတို့ကို မေလနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ ပုသိမ်ခရိုင် MMA ဥက္ကဋ္ဌ ဒေါ်မာမာဌေးက ကလေးအသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ တိုင်း MMA အတွင်းရေးမှူး ဒေါက်တာ ဦးကြည်ဖေက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ကလေးပြုစုရေးဌာန အဆောင်မှူး ဒေါ်သင်းသင်းနိုင်ထံ လှူဒါန်းခဲ့သည်။

ထို့နောက် ဒေါက်တာ ဒေါ်လဲ့လဲ့အောင်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဒေါက်တာ ဦးကြည်ဖေက လက်များကို စနစ်တကျဆေးခြင်းအကြောင်းများကို ဟောပြောခဲ့ပြီး မိဘမဲ့ကလေးအားလုံးအား ကျန်းမာရေးစစ်ဆေးရာ နှလုံးရောဂါစွဲကပ်နေသော ကလေးတစ်ယောက်နှင့် လည်ပင်းအကျိတ်ပေါ်ထွက်နေသော ကလေးအား ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီး၌ ဆက်လက်ကုသရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။
**ဒေါက်တာကြည်ဖေ**

# သန်လျင်၌ တန်ဖိုးနည်းအိမ်ရာ ၅၅ လုံးဆောက်လုပ်မည်

**သန်လျင် ဇွန် ၇**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သီလဝါစက်မှုဇုန်အနီး သန်လျင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၆) မြေကွက်အမှတ် (၃/က)တွင် တန်ဖိုးနည်းအိမ်ရာ ၅၅ လုံးအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီ ၁၄ ခုတို့မှ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းအိမ်ရာ လေးခန်းတွဲ ငါးထပ် ၁၂ လုံး၊ ရှစ်ခန်းတွဲ ငါးထပ် ၁၉ လုံး၊ ခြောက်ခန်းတွဲ ငါးထပ် ၂၄ လုံး၊ စုစုပေါင်း ၅၅ လုံးအား ဖေဖော်ဝါရီလမှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။
**သက်ခိုင် (သန်လျင်)**



## မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် ပညာပေးဆောင်ရွက်

**ဒဂုံ ဇွန် ၇**- ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ် ၄၈ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမပေါ်ရှိ အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမော်နှင့်အတူ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၀) မှ ဒုတိယရဲမှူး အောင်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုရဲတပ်ဖွဲ့တပ်ဖွဲ့စု (၆) မှ ရဲအုပ် သိန်းဌေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၄၁)မှ ရဲအုပ် မြတ်ဖုန်းနှင့်အဖွဲ့တို့သည် ဇွန် ၅ ရက်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့်ပြသခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးမိုး**

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

**အရှိန်ပြောင်းစနစ်**

မော်တော်ကားတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကြီးထဲတွင် အရှိန်ပြောင်းစနစ် (Power Transmission System) ရွေးချယ်သတ်မှတ်ခြင်းသည်လည်း အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အလိုအလျောက်အရှိန်ပြောင်းစနစ် (Automatic Transmission System)ကို တွင်တွင်ကျယ်ကျယ် သုံးစွဲခြင်း မပြုသေးမီကာလများက အသစ်ထုတ်လုပ်မည့်ကားအမျိုးအစား၊ အရွယ်အစား၊ ခရီးသည်ဦးရေနှင့် ခွင့်ပြုဝန်တင်အလေးချိန် စသည်တို့အပေါ်မူတည်ပြီး စိတ်ကြိုက်အရှိန်ပြောင်းစနစ် (Manual Transmission System)၌ အရှိန်ပြောင်းအဆင့်မည်မျှထည့်သွင်းမည်ကို သတ်မှတ်ဆုံးဖြတ်ကြရသည်။

အရပ်အခေါ်အားဖြင့် ဂီယာလေးချက်၊ ဂီယာငါးချက်၊ ဂီယာခြောက်ချက် စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အရှိန်ပြောင်းလဲမည့်အဆင့်အရေအတွက်ကို စနစ်တကျတွက်ချက်သတ်မှတ်ပေးရသည်။ ဂီယာလေးချက်ပါသော စိတ်ကြိုက်အရှိန်ပြောင်းစနစ်(Four Speed Manual Transmission)၊ ဂီယာငါးချက်ပါသော စိတ်ကြိုက် အရှိန်ပြောင်းစနစ်(Five Speed Manual Transmission) စသည်တို့ကို နောက်ဆုတ် ဂီယာတစ်ချက်နှင့်ပေါင်းစပ်ကာ 4+1 Manual, 5+1 Manual စသည်ဖြင့် ရွေးချယ်သတ်မှတ်ကြရသည်။

အလိုအလျောက်အရှိန်ပြောင်းစနစ်ကို တွင်ကျယ်စွာသုံးစွဲလာကြသော မျက်မှောက်ကာလ၌မူ ဂီယာလေးချက်ပါသော အလိုအလျောက်အရှိန်ပြောင်းစနစ် (Four Speed Automatic Transmission)၊ ဂီယာငါးချက်ပါသော အလိုအလျောက်အရှိန်ပြောင်းစနစ်(Five Speed Automatic Transmission) စသည်ဖြင့် အလိုအလျောက်အရှိန်ပြောင်းသည့် အဆင့်အရေအတွက်ပေါ်မူတည်ကာ ရွေးချယ်သတ်မှတ်လာကြသည်။

အချို့သော မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် မော်တော်ကားပုံစံ၊ မော်တော်ကားအရွယ်အစား၊ အင်ဂျင်အရွယ်အစားနှင့် မြင်းကောင်ရေအား၊ ခရီးသည်ဦးရေနှင့် ခွင့်ပြုဝန်တင်အလေးချိန်တို့ အစစအရာရာတူညီသော မော်တော်ကားတစ်မျိုးတည်းကိုပင် ဂီယာလေးချက်နှင့် ဂီယာငါးချက်ဟူ၍ ခွဲခြားထုတ်လုပ်လေ့ရှိကြသလို၊ အချို့သော မော်တော်ကားကုမ္ပဏီကြီးများကမူ အင်ဂျင်အရွယ်အစားနှင့် မြင်းကောင်ရေအား တူညီစွာတပ်ဆင်ထားသော ပုံစံမတူညီသည့် မော်တော်ကားအမျိုးအစားနှစ်မျိုးတွင် တစ်မျိုးအတွက် ဂီယာလေးချက်အရှိန်ပြောင်းစနစ်ကို တပ်ဆင်သုံးစွဲပြီး ကျန်တစ်မျိုးအတွက်မူ ဂီယာငါးချက်အရှိန်ပြောင်းစနစ်ကို တပ်ဆင်သုံးစွဲထားသည်ကို တွေ့ရှိနိုင်သည်။

မော်တော်ကားပုံစံနှင့် အရွယ်အစား၊ အင်ဂျင်အရွယ်အစားနှင့် မြင်းကောင်ရေ၊ ခရီးသည်ဦးရေနှင့် ခွင့်ပြုဝန်တင်အလေးချိန်တို့ အစစအရာရာတူညီသည့် မော်တော်ကားတစ်မျိုးတည်း၌ ဂီယာလေးချက်နှင့် ဂီယာငါးချက်ပါဝင်သည့် အရှိန်ပြောင်းစနစ်(အရပ်အခေါ် ဂီယာဘောက်စ်)နှစ်မျိုးဖြင့် ခွဲခြားထည့်သွင်း ထုတ်လုပ်ကြရာတွင် ဂီယာငါးချက်ထည့်သွင်းပေးထားသည့်မော်တော်ကားကို မြေပြန့်လမ်းများ၌ မောင်းနှင်သုံးစွဲနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး ဂီယာလေးချက်ထည့်သွင်းပေးထားသော မော်တော်ကားကိုမူ တောင်တက်လမ်းများ၌ မောင်းနှင်သုံးစွဲရန် ရည်ရွယ်ထုတ်လုပ်ကြခြင်းဖြစ်သည်။



အလားတူပင် အရွယ်အစားနှင့် မြင်းကောင်ရေအားတူညီသော အင်ဂျင်တစ်မျိုးတည်းကို ပုံစံမတူသည့် မော်တော်ကားအမျိုးအစားနှစ်မျိုး၌ တပ်ဆင်ထုတ်လုပ်သည်ဟု ဆိုရာတွင် ဆလွန်းကားအတွက် အဆိုပါအင်ဂျင်ကို ဂီယာငါးချက်အရှိန်ပြောင်းစနစ်ဖြင့် တွဲဖက်ထုတ်လုပ်ပြီး ပစ်ကပ်ကားအတွက်ကိုမူ အဆိုပါအင်ဂျင်ကိုပင် ဂီယာလေးချက်အရှိန်ပြောင်းစနစ်ဖြင့် တွဲဖက်ထုတ်လုပ်ခြင်းမျိုးဖြစ်သည်။


မျက်မှောက်နည်းပညာခေတ်၌ အလိုအလျောက်အရှိန်ပြောင်းစနစ်နှင့် စိတ်ကြိုက် အရှိန်ပြောင်းစနစ် နှစ်မျိုးစလုံးကို မော်တော်ကားအမျိုးအစားတစ်မျိုးတည်း၌ ပေါင်းစပ်ထုတ်လုပ်ခြင်းနည်းပညာ ခေတ်စားလာသည်။ မော်တော်ကားပုံစံနှင့် အမျိုးအစားတစ်ခုတည်းအတွက် အရပ်အခေါ်အားဖြင့် အော်တို+မန်နျူရယ် အရှိန်ပြောင်းစနစ်ကို ပူးတွဲထည့်သွင်းရာတွင် ခေတ်ကာလအလျောက် နည်းပညာများကလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။

ယခင်က တပ်ဆင်အသုံးပြုခဲ့သော စိတ်ကြိုက်အရှိန်ပြောင်းဂီယာဘောက်စ်၏ အလုပ်လုပ်ဆောင်ပုံနှင့် မျက်မှောက်ခေတ် အော်တို+မန်နျူရယ် ဂီယာဘောက်စ်မှ မန်နျူရယ်ဂီယာစနစ်၏ အလုပ်လုပ်ပုံတို့မှာ မတူညီကြပေ။ ယခင် စိတ်ကြိုက်အရှိန်ပြောင်းဂီယာဘောက်စ်များ၌ ဂီယာနံပါတ်တစ်ခုချင်းစီအတွက် ဂီယာမောင်းတံကို နေရာရွှေ့ပေးခြင်းဖြင့် အလုပ်လုပ်စေသော Mechanical Method ကို အသုံးပြုခဲ့သော်လည်း မျက်မှောက်ခေတ် အော်တို+မန်နျူရယ်ဂီယာဘောက်စ်၏ မန်နျူရယ်စနစ်၌မူ ဂီယာတစ်ဆင့်ချင်းစီအတွက် အလိုအလျောက်ပြောင်းလဲပေးမှုကို အီလက်ထရွန်နစ်နည်းပညာဖြင့်ထိန်းချုပ်ကာ ဂီယာနံပါတ်တစ်ခုချင်းကို စိတ်ကြိုက်ပြောင်းလဲစေခြင်း ဖြစ်သည်။

**ဆိုင်းထိန်းပစ္စည်းများ**

မော်တော်ကားအပါအဝင် စက်တပ်ယာဉ်အားလုံးတို့၌ Suspension ခေါ် ဆိုင်းထိန်းပစ္စည်းများကို တပ်ဆင်ပေးထားရသည်။ Leaf Spring ခေါ် လေးများ၊ Coil Spring ခေါ် ရစ်ခွေစပရိန်များ၊ Torsion Bar ခေါ် လိမ်ဒဏ်ခံ သံမဏိချောင်းများ၊ တိုင်းရော့ခေါင်းနှင့်တန်းများ၊ ဘောဂျိုင်းနှင့် လိပ်ပြာတန်းများ၊ ရုတ်တရက် တွန်းသည့်ဆွဲသည့်ဒဏ်ကို ခုခံဟန့်တားပေးသော Shock Absorber များ စသည်တို့သည် မော်တော်ကားနှင့် စက်တပ်ယာဉ်သုံး ဆိုင်းထိန်းပစ္စည်းများ ဖြစ်ကြသည်။

ယေဘုယျအမြင်ဖြင့်ကြည့်လျှင် မော်တော်ကားနှင့် စက်တပ်ယာဉ်များ၌ တပ်ဆင်ထားသည့် ဆိုင်းထိန်းပစ္စည်းများမှာ ကားနှင့်စက်တပ်ယာဉ်တို့ကို မောင်းနှင်စီးနင်းမည့်သူများ သက်သောင့်သက်သာဖြင့် လိုက်ပါစီးနင်းနိုင်စေရန်အတွက်သာ ရည်ရွယ်ရင်းဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။ သို့ရာတွင် ဆိုင်းထိန်းပစ္စည်းများကို မော်တော်ကားနှင့် စက်တပ်ယာဉ်များ၌ တပ်ဆင်ပေးထားခြင်းမှာ အဓိကအားဖြင့် ရည်ရွယ်ချက်သုံးမျိုးအတွက် ဦးတည်စီမံပေးထားခြင်း ဖြစ်သည်။



အဓိကကျသည့် ပထမဦးဆုံးရည်ရွယ်ချက်မှာ ကားကို မောင်းနှင်သွားလာနေရင်း ဘယ်ညာတိမ်းစောင်းသည့်အခါများနှင့် ဝဲယာကွေ့သည့်အခါမျိုးများ၌ အနေအထားပျက်ယွင်းကာ တိမ်းညွတ်သွားသည့် ကားကိုယ်ထည်တစ်ခုလုံးကို မူလအနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိအောင် ပင့်တင်တည့်မတ်ပေးနိုင်ရန် ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ ကားကိုယ်ထည်ပတ်ပတ်လည်၌ တွဲဆက်ထားသည့် ဂဟေဆက်များ၊ မူလီ(Bolt)နှင့် ရစ်ခေါင်း(Nut)တို့ဖြင့် ထိစပ်တွဲဆက်ထားသည့်နေရာများ၊ ပတ္တာများ၊ တံခါးချက်များ၊ ရာဘာလိုင်နာများ၊ စီလီကွန်လိုင်နာများ၊ ဝိုင်ယာဆက်ငုတ်နှင့် ဆော့ကက်များ၊ ဘက်ထရီအိုးနှင့် ဘက်ထရီငုတ်အဆက်များ၊ လေကာမှန်ကြီးများနှင့် တံခါးမှန်များ၊ မီးလုံးများစသည်တို့မှာ ကား၏ တုန်ခါမှုဒဏ်ကြောင့် အချိန်တိုကာလအတွင်း ကြံ့ခိုင်မှုလျော့နည်းကျဆင်းကာ ပျက်စီးသွားမည့်အရေးမှ ကြိုတင်ကာကွယ်ပေးနိုင်ရန် ဖြစ်သည်။

တတိယ ရည်ရွယ်ချက်မှာမူကား မောင်းနှင်သူနှင့် စီးနင်းလိုက်ပါသူအားလုံး ခန္ဓာကိုယ် သက်သောင့်သက်သာရှိစေရေးအတွက်ပင် ဖြစ်သည်။ ထိုကဲ့သို့သော ရည်ရွယ်ချက်သုံးမျိုးအတွက် အဓိကထား၍ စီမံဖန်တီး တပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသည့် ဆိုင်းထိန်းပစ္စည်းများ၏အခန်းကဏ္ဍသည် မျက်မှောက်ကာလ မြန်နှုန်းမြင့်ခေတ်သို့ ရောက်ရှိလာသည့်အခါ ပို၍ပင် အရေးပါအရာရောက်လျက် ရှိနေပြီဖြစ်သည်။ အကြောင်းမှာ မြန်နှုန်းမြင့်မောင်းနှင်နိုင်ကြပြီဖြစ်သော မျက်မှောက်ကာလ မော်တော်ကားများ၏ ထုတ်လုပ်မှုကဏ္ဍတွင် ဆိုင်းထိန်းပစ္စည်းများကို ပုံစံရေးဆွဲကြရသည့်နည်းပညာကလည်း အလွန်ပင် အဆင့်မြင့်မားလာသောကြောင့် ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ပြင်းစွာ တိုးတက်ထွန်းကားလာနေသည့်အလျောက် မြန်နှုန်းမြင့် လည်ပတ်နိုင်စွမ်းရှိသော အင်ဂျင်များကို ထုတ်လုပ်လာနိုင်ပြီဖြစ်သည့်အားလျော်စွာ ယနေ့ မျက်မှောက်ကာလတွင် စွမ်းရည်မြင့်အင်ဂျင်များကို မော်တော်ကားများ၌ တပ်ဆင်ထုတ်လုပ် မောင်းနှင်နိုင်ကြစေရန်အတွက် ဆိုင်းထိန်းပစ္စည်းများကို ထုတ်လုပ်သည့်အပိုင်းကလည်း ပို၍အရေးကြီးလာပြီဖြစ်သည်။ ကြီးမားတုတ်ခိုင်သော ရှေးခေတ်ဟောင်း ဆိုင်းထိန်းပစ္စည်းများ၏နေရာတွင် သေးသွယ်ကျစ်လျစ်ပြီး ကြံ့ခိုင်မှုစွမ်းရည်ပိုမိုကောင်းမွန်သော ပစ္စည်းများက အစားထိုးနေရာယူလာကြပြီဖြစ်သည်။

ဆိုင်းထိန်းပစ္စည်းများ၏ သဘောသဘာဝအရ ဖရိမ်အပါအဝင် ကားကိုယ်ထည်ကြီးတစ်ခုလုံးကို မြေပြင်လမ်းများနှင့် ထိစပ်လည်ပတ်နေကြရသည့် ဘီး၊ ဝင်ရိုးအိမ် စသည်တို့နှင့် ပေါင်းကူးဆက်စပ်ပေးထားကြရသည့်အားလျော်စွာ ကားကိုယ်ထည်တစ်ခုလုံးနှင့်တကွ အင်ဂျင်၊ ဂီယာဘောက်စ် စသည်တို့၏ ဝန်အလေးချိန်၊ လူနှင့်ကုန်စည်အလေးချိန်တို့၏ ဖိအားဒဏ်ကိုသာမက မောင်းနှင်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် ယိမ်းနွဲ့တိမ်းညွတ်နေသော ကားကိုယ်ထည်ကြီး၏ ရှောင်တခင်ဖိသိပ်တွန်းတိုက်သည့်ဒဏ်များကိုပါ ခံနိုင်ရည်ရှိအောင် စေ့စေ့စပ်စပ်သေချာစွာ စဉ်းစားတွက်ချက်ပြီးမှ ထုတ်လုပ်တပ်ဆင်ပေးထားသော စက်ကိရိယာအစိတ်အပိုင်းများ ဖြစ်ကြသည်။

ကားတစ်စီးအဖို့ မောင်းနှင်သွားလာနေရင်း ရုတ်တရက် ဘေးအန္တရာယ်ကျရောက်လာနိုင်သော အကြောင်းရင်းများထဲတွင် ဆိုင်းထိန်းပစ္စည်းများပြုတ်ထွက်ခြင်း၊ အက်ကွဲခြင်း၊ ကျိုးပဲ့ခြင်း၊ ပြတ်ထွက်ခြင်းများက အဓိကအားဖြင့် ပါဝင်နေကြသည်။ အထူးသဖြင့် မြန်နှုန်းမြင့်မောင်းနှင်နေရင်း ဆိုင်းထိန်းပစ္စည်းများ ချွတ်ယွင်းမှုတစ်ခုခုဖြစ်ပေါ်ခဲ့လျှင် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုတို့မှသည် အသက်ဆုံးရှုံးမှုများအထိပင် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည်။

ထို့ကြောင့်ပင် မော်တော်ကားအပါအဝင် စက်တပ်ယာဉ်အသီးသီးတို့၌ တပ်ဆင်အသုံးပြုထားသည့် မူလီနှင့် ရစ်ခေါင်းများအနက်၊ ဆိုင်းထိန်းပစ္စည်းများနှင့် တွဲဖက်သုံးစွဲရသော မူလီနှင့်ရစ်ခေါင်းများမှာ အရပ်အခေါ်အားဖြင့် အရစ်စိပ် မူလီများသာ ဖြစ်ကြသည်ကို တွေ့ရှိနိုင်သည်။ အင်ဂျင်တစ်ခုအတွင်းရှိ စက်ပစ္စည်း အစိတ်အပိုင်းများကို တွဲဆက်ရာ၌ အရစ်စိပ်မူလီများကိုသာ အသုံးပြုကြရခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် အရစ်စိပ်မူလီများကို အသုံးပြုကြရသည့် ဆိုင်းထိန်းပစ္စည်းများ၏ အရေးကြီးပုံကို မှန်းဆနိုင်သည်။

မော်တော်ကားတစ်စီးလုံးနှင့်နှိုင်းယှဉ်လျှင် ဆိုင်းထိန်းပစ္စည်းများ၏ အရွယ်အစားမှာ သေးငယ်ကြုံလှီလှသော်လည်း ထိုသို့သော သေးငယ်လှသည့် ဆိုင်းထိန်းပစ္စည်း အစိတ်အပိုင်းများကသည်ပင်လျှင် ကားတစ်စီးလုံးနှင့်တကွ မောင်းနှင်သူနှင့် စီးနင်းသူများ၏ကံကြမ္မာကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေနိုင်သည်ကို သတိပြုကြရန်လိုအပ်သည်။ ထိခိုက်ခြင်း၊ တိုက်မိခြင်း၊ တိမ်းမှောက်ခြင်း၊ ပျက်စီးခြင်း၊ ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးခြင်းဟူသော အနိဋ္ဌာရုံဖြစ်ရပ်များကို ဆိုင်းထိန်းပစ္စည်းများက ဖန်တီးပေးနိုင်ကြသည်။

ဆိုင်းထိန်းပစ္စည်း အစိတ်အပိုင်းများစွာတို့အနက် တိုင်းရော့ခေါင်း(Tie Rod) နှင့် ဘောဂျိုင့်(Ball Joint) တို့၏ အခန်းကဏ္ဍက အလွန်အရေးကြီးသည်။ ကုန်ကြမ်းအရည်အသွေး အလွန်ကောင်းမွန်ခြင်း၊ အကြိမ်ပေါင်းများစွာသော ပွန်းစားသည့်ဒဏ်နှင့် ပွတ်တိုက်သည့်ဒဏ်များကို ခံနိုင်ရည်ရှိခြင်း၊ ကြီးမားသော ဖိအားဖြစ်ပေါ်လာသည့်တိုင် ဘောအိမ်ထဲမှ ကျွတ်ထွက်မသွားနိုင်ခြင်း၊ ရုတ်တရက်ဆောင့်တွန်းသည့်ဒဏ်နှင့် ဆောင့်ဆွဲသည့်ဒဏ်များကို ကောင်းစွာခံနိုင်ရည်ရှိခြင်း၊ ရုတ်တရက် အပူချိန်မြင့်တက်မှုကို ခံနိုင်ရည်ရှိခြင်းစသော အရည်အသွေးတို့နှင့် ပြည့်စုံနေရန် လိုအပ်သည်။

မော်တော်ကားတစ်စီးကို မောင်းနှင်အသုံးပြုသည့်အခါ ရှေ့ဘီး၏ ဝဲယာရွှေ့ပြောင်းလှုပ်ရှားမှု အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်သည်နှင့်အညီ တိုင်းရော့ခေါင်းများက ထိုသို့သော ဝဲယာရွှေ့ပြောင်းသည့် အကြိမ်ရေအတိုင်း တွန်းထိုးပွတ်တိုက်မှုဒဏ်ကို ခံကြရသည်။ အလားတူပင် မောင်းနှင်နေသောကားက ချိုင့်ထဲကျရောက်ခြင်း၊ မို့မောက်နေသော လမ်းမျက်နှာပြင်ပေါ် တက်ရောက်ခြင်း၊ ကျောက်တုံးကျောက်ခဲများကို နင်းမိခြင်း၊ ဝဲယာတိမ်းစောင်းခြင်းစသော တည်ငြိမ်မှုပျက်ပြားသည့် အခြေအနေများ ဖြစ်ပေါ်သည့်အခါ၌လည်း ဘောဂျိုင့်များက အကြိမ်ပေါင်းမရေတွက်နိုင်အောင် ဖိသိပ်သည့်ဒဏ်နှင့် ဆောင့်ဆွဲသည့်ဒဏ်များကို ခံကြရသည်။

ထို့ကြောင့်ပင် ဘောဂျိုင့်နှင့် တိုင်းရော့ခေါင်းအပါအဝင် ဆိုင်းထိန်းပစ္စည်းများကို ထုတ်လုပ်ရန်အတွက် ပုံစံရေးဆွဲရာ၌ ကွန်ပျူတာ၏အကူအညီကို ရယူရုံမျှမကဘဲ လက်တွေ့စမ်းသပ်မှုများစွာကိုလည်း ပြုလုပ်ကြရသည်။ အခြားသောဆိုင်းထိန်းပစ္စည်းများဖြစ်ကြသည့် လေးများ၊ ကွိုင်စပရိန်များ စသည်တို့ကို ထုတ်လုပ်ရာ၌လည်း အရွယ်အစားနှင့် ကွေးညွှတ်အား(Deflection Power)တို့ကို စနစ်တကျ တွက်ချက်ကာ စီမံထုတ်လုပ်ပေးကြရသည်။

ဆိုင်းထိန်းပစ္စည်းများကို ပုံစံရေးဆွဲထုတ်လုပ်ကြရာ၌ အင်ဂျင်အတွင်းပိုင်း စက်ပစ္စည်းများကို ပုံစံရေးဆွဲထုတ်လုပ်သကဲ့သို့ပင် တစ်ကြိမ်တည်းဖြင့် အပြီးသတ်လေ့မရှိဘဲ ပုံစံရေးဆွဲမှု၊ ပဏာမထုတ်လုပ်မှု၊ တပ်ဆင်စမ်းသပ်မှု၊ ပြင်ဆင်မွမ်းမံမှု၊ ထပ်မံစမ်းသပ်မှု၊ အပြီးသတ်မွမ်းမံမှု၊ ပုံစံအတည်ပြုမှု စသည်ဖြင့် အဆင့်ပေါင်းများစွာတို့ကို ကျော်လွှားဖြတ်သန်းကြရသည်။

**ဘရိတ်စနစ်**

ဘရိတ်စနစ်သည် လှုပ်ရှားနေသော၊ ရွေ့လျားနေသော၊ လည်ပတ်နေသော၊ လိမ့်နေသော စက်ယန္တရား၊ စက်မဲ့ယာဉ်နှင့် စက်တပ်ယာဉ်တို့ကို အရှိန်တန့်သွားအောင် သို့တည်းမဟုတ် ရပ်တန့်သွားအောင် လုပ်ဆောင်ပေးသော စက်မှုနည်းပညာတစ်ရပ်ဖြစ်သည်။ ရွေ့လျားမောင်းနှင်နိုင်သော စက်တပ်ယာဉ်တစ်မျိုးဖြစ်သည့် မော်တော်ကားတစ်စီးတွင် ဘရိတ်စနစ်သည် အလွန်အရေးကြီးသော အဓိကလုပ်ဆောင်မှုတစ်ခုဖြစ်ပြီး ဘရိတ်စနစ်မပါသော မော်တော်ကားတစ်စီးကို မောင်းနှင်အသုံးပြုရန် မဖြစ်နိုင်သလို ဘရိတ်စနစ်ချွတ်ယွင်းနေသော မော်တော်ကားများအဖို့လည်း အန္တရာယ်ဖြစ်ရန် အခွင့်အလမ်းများစွာ ရှိနေကြသည်။



ဘရိတ်စနစ်တွင် အဓိကအားဖြင့် အစိတ်အပိုင်းငါးမျိုး ပါဝင်သည်။ ဘရိတ်ခြေနင်းတံ၊ မာစတာပန့်၊ ဆီပို့ပိုက်၊ ဘရိတ်ဆုံနှင့် ဘရိတ်ရှူးခြမ်းတို့ ဖြစ်ကြသည်။ နှစ်ဆယ်ရာစုနှောင်းပိုင်းကာလ မတိုင်မီအထိ မော်တော်ကားသုံးဘရိတ်စနစ်မှာ Hub Type ဖြစ်သည်။ လခြမ်းကွေးပုံသဏ္ဍာန် ဘရိတ်ရှူးနှစ်ခြမ်းကို မြင့်မားသော အရည်ဖိအားဖြင့် တွန်းပေးပြီး ဘီးဒရမ်များ၏လည်ပတ်နေမှုကို အရှိန်တန့်သွားစေရန်နှင့် လည်ပတ်မှုလုံးဝရပ်တန့်သွားအောင် လုပ်ဆောင်ပေးသော ဘရိတ်အမျိုးအစားဖြစ်သည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

# ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း အလုပ်ရုံဆွေးနွေး




**ထားဝယ် ဇွန် ၇**
မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်မှ ဒေသခံရေလုပ်သားများ၏ လူမှုစီးပွားဘဝမြင့်တင်နိုင်ရေးအတွက် ဒိန်းမတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း(SCF) နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၅ ရက်က ထားဝယ်မြို့ဇေယျာထက်စံဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်က အမှာစကား ပြောကြားပြီး ဒိန်းမတ်နိုင်ငံသား Lars Joker က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း(SCF) အကြောင်း မိတ်ဆက် ရှင်းလင်းပြောကြားကာ ဂျာမဏီနိုင်ငံသား Peter Degen က စီမံကိန်းရည်ရွယ်ချက်၊ မျှော်မှန်းရလဒ်များ၊ အဓိကကျသည့် အကြောင်းအရာများနှင့် ၂၀၁၇-၂၀၁၈ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအကြောင်း၊ အခြေခံအချက်အလက်များအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စီမံကိန်းအကြံပေးအရာရှိများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာသုံးရွာမှ ဒေသခံရေလုပ်သားများ၊ မိတ်ဖက်အဖွဲ့အစည်းများက ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း(SCF) နှင့် ပတ်သက်၍ အုပ်စုဖွဲ့ကာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရေရှည်တည်တံ့သော ကမ်းရိုးတန်း ငါးလုပ်ငန်းစီမံကိန်းကို မြန်မာနိုင်ငံတွင် စီမံကိန်းကာလအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ငါးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ထားဝယ်ခရိုင်တွင် လောင်းလုံးမြို့နယ်မှ ကြက်လွတ်ကျေးရွာ၊ စမ်းလုမ်းကျေးရွာ၊ သဘော့ဆိပ်ကျေးရွာနှင့် မြိတ်ခရိုင်တွင် ကျွန်းစုမြို့နယ်မှ ပန်းဇင်ကျေးရွာနှင့် စခန်းသစ်ကျေးရွာ စုစုပေါင်းငါးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန် / ဆက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကျင်းပပြီး စုပေါင်းစက်ဘီးစီး

**ပခုက္ကူ ဇွန် ၇**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ Action Acid Myanmar၊ အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်း (ပခုက္ကူ)၊ ကြယ်စင်မောင်နှမအဖွဲ့(ပခုက္ကူ)နှင့် ပခုက္ကူလူငယ်ကွန်ရက်တို့ ပူးပေါင်း၍ ဇွန် ၅ ရက်က စက်မှုဇုန် အထက(ခွဲ)ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့က အမှာစကားပြောကြားကြပြီး ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဆွေက သစ်ပင်စိုက်ပျိုးရခြင်း အကျိုးကျေးဇူးများအကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးထိန်းဝင်းနှင့် Action Acid Myanmar မှ တာဝန်ခံ ဒေါ်ခင်စောဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သစ်ပင်စိုက်ပွဲတော် ကျင်းပကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Action Acid Myanmar နှင့် လူမှုရေးအသင်းအဖွဲ့ဝင် လူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ကျွန်းပင် ၅၀ နှင့်အတူ ပိတောက်၊ ကုက္ကို၊ စိန်ပန်း၊ စွယ်တော်၊ မယ်ဇယ်၊ ယင်းမာ၊ ပျဉ်းကတိုး၊ ခရေ၊ အင်ကြင်း၊ ရေတမာ စသည့် သစ်ပင်မျိုးစုံ အပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



ထို့အပြင် ပခုက္ကူမြို့ စက်ဘီးစီးအဖွဲ့ကလည်း ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံမှ မြို့မဈေး၊ မြို့မဈေးမှ စက်မှုဇုန်အထိ စုပေါင်းစက်ဘီးစီးနင်းကာ လမ်းတစ်လျှောက်မှ ပြည်သူများအား ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Action Acid Myanmar တို့မှ ထုတ်ဝေထားသော ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ဆလိုင်းကိုကီး**

# လေဘေးသင့်အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**မြန်အောင် ဇွန် ၇**
မြန်အောင်မြို့နယ်အတွင်း ကျေးရွာအုပ်စုလေးခုမှ ကျေးရွာ ၁၁ ရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စုအချို့၏ နေအိမ်များပြိုလဲခြင်း၊ အမိုးလန်ပျက်စီးခြင်းများဖြစ်ခဲ့ရာ အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများကို ဇွန် ၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ လေဘေးသင့်ခဲ့သော မြစ်ကျိုးကျေးရွာအုပ်စု၊ တယ်ကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းစွန်းကျေးရွာအုပ်စုနှင့် လေးတူးကျေးရွာအုပ်စုတို့ရှိ အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများကို မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြန်အောင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမိုးမြင့်ခိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် နေအိမ်ပြိုကျသော အိမ် ၁၁ လုံးအတွက် တစ်အိမ်လျှင် တာပေါ်လင်နှစ်ချပ်စီ၊ စောင်တစ်ထည်စီနှင့် Kitchen Set တစ်ဘူးစီကိုလည်းကောင်း၊ အမိုးလန်ပျက်စီးသည့် နေအိမ် ၄၄ အိမ်အတွက် တာပေါ်လင်တစ်ချပ်စီနှင့် စောင်တစ်ထည်စီကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန် / ဆက်)**



# ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ငါ့သရောက် ဇွန် ၇**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများတွင် ဒေသခံပြည်သူများကို အကျိုးပြုနိုင်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ငါ့သရောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက မိမိမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရာတွင် ဆောင်ရွက်ရသည့်လုပ်ငန်းများအလိုက် အားသာချက်၊ အားနည်းချက်များနှင့် ကြုံတွေ့ရသော လုပ်ငန်းအခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရန်နှင့် လုပ်ငန်းများအောင်မြင်အောင် အကြံပြုချက်များလည်းပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိမိတို့၏ဌာနအလိုက် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေနှင့် လိုအပ်ချက်များ၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာပြိုင်ပွဲ မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် ဇွန် ၇**
၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိမ် (၂၀) မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၆ ရက်အထိ မော်လမြိုင်မြို့ပန်းဘဲတန်းရပ်ကွက်ရှိ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ပန်းချီ အလွတ်တန်း ရှစ်ဦး၊ ပိုစတာအလွတ်တန်း ၂၀၊ ကာတွန်းအလွတ်တန်း ၁၄ ဦး၊ ပန်းချီအထက်တန်းအဆင့် ခုနစ်ဦး၊ ပိုစတာအထက်တန်း အဆင့် ၁၈ ဦး၊ ကာတွန်းအထက်တန်း အဆင့် ၁၁ ဦး၊ ပန်းချီအလယ်တန်းအဆင့် ၁၁ ဦး၊ ပိုစတာအလယ်တန်းအဆင့် ၁၃ ဦး၊ ကာတွန်းအလယ်တန်း အဆင့် ၁၅ ဦး၊ ပန်းချီမူလတန်း အဆင့် လေးဦး၊ ပိုစတာ မူလတန်းအဆင့် ခြောက်ဦး၊ ကာတွန်းမူလတန်းအဆင့် ကိုးဦးနှင့် ကွန်ပျူတာပန်းချီ အထက်တန်းအဆင့် ရှစ်ဦး၊ အလယ်တန်းအဆင့် ၁၀ ဦးနှင့် အလွတ်တန်းတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ပြည်နယ်မူးယစ်ဆေးဝါးတို့ ဆန့်ကျင်ရေး အသင်းဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ကိုရဲ**

# လက်ပံတန်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သစ်ပင်စိုက်ပွဲကျင်းပ

**လက်ပံတန်း ဇွန် ၇**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ဇွန် ၅ ရက် နံနက် ၇ နာရီက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ဇော်မင်းနှင့်ဝန်ထမ်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဝတ်ရည်လှိုင်နှင့် ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများထံ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပျိုးပင်များပေးအပ်ရာ သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မန်ကျည်းရှား၊ မဲဇလီ၊ ငုရွှေဝါ၊ မဟော်ဂနီ ပျိုးပင်ပေါင်း ၇၀၀ ကျော်အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **အောင်ဆင့်**

# သဘာဝဘေးကြောင့် ထိခိုက်ခဲ့သောအိမ်ထောင်စုများအား ပြန်လည်ထူထောင်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်

**ကန့်ဘလူ ဇွန် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း သဘာဝဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းက လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ထောက်ပံ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များက ကယ်ဆယ်ရေးပစ္စည်းများကို သဘာဝဘေးကြောင့် ထိခိုက်မှုများကြုံတွေ့ခဲ့ရသည့် ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ရာတွင် မေ ၁၅ ရက်နှင့် ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသည့် လိတ္တူကျေးရွာမှ ပြည်သူတစ်ဦး၊ တောက္ကရုပ်ကျေးရွာမှ ပြည်သူရှစ်ဦး၊ သရက်ကောင်းကျေးရွာမှ တစ်ဦးတို့အတွက် စုစုပေါင်း ထောက်ပံ့ငွေ ကျပ် ၃၆၀၀၀၀ နှင့် ထောက်ပံ့ပစ္စည်းငါးမျိုးတို့ကိုလည်းကောင်း၊ မေ ၂၉ ရက်က ထောက်ရှာအိုင်ကျေးရွာမှ မိုးကြိုးထိမှန်သေဆုံးသူ ဒေါ်ဆန်းဝေ၏ ကျန်ရစ်သူမိသားစုအတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ငွေကျပ်သုံးသိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည့် ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် စကော့တလန်အသင်းဘက်သို့ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေ၏ ထိုးဖောက်ကစားဟန်ကို တွေ့ရစဉ်

# အင်္ဂလန်တို့ အောင်ပွဲခံဦးမယ့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဇွန် ၁၀ ရက်နဲ့ ၁၂ ရက်တွေမှာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေနဲ့ ပြည့်နေတာမို့ ပရိသတ်တွေအတွက်တော့ ပွဲကောင်းတွေကအဆက်ပြတ်သွားဖို့မရှိပါဘူး။ ဥရောပပြည်တွင်းလိဂ်ပွဲစဉ်တွေ ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပေမယ့် ကမ္ဘာ့ဘောလုံးစင်မြင့်မှာတော့ ပွဲစဉ်တွေက တစ်ပွဲပြီး တစ်ပွဲအသုံးတော်ခံလျက်ရှိနေပါတယ်။ အခုလည်း ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဆက်တိုက်ဆင်နွှဲနေတာမို့ ဥရောပဇုန် ခြေစစ်ပွဲတွေမှာ ပါဝင်ခြေစွမ်းပြကြဦးမယ့် ကမ္ဘာ့ထိပ်တန်းဘောလုံးသမားတွေရဲ့ အားထုတ်မှုတွေကို မြင်တွေ့အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**အဇာဘိုင်ဂျန်နှင့် မြောက်အိုင်ယာလန်**

မြောက်အိုင်ယာလန်တို့လည်း ဒီပွဲကို အနိုင်ကစားမှရမယ်ဆိုပေမယ့် အဇာဘိုင်ဂျန်တို့ရဲ့ခြေစွမ်းကိုလည်း လျှော့တွက်လို့တော့ မရပါဘူး။ အဇာဘိုင်ဂျန် တိုက်စစ်မှူးတွေကတော့ အဆုံးသတ်ဂိုးသွင်းမှုတွေ မသေချာဘဲ ဂိုးပေါက်နဲ့ လွဲချော်နေတတ်တာမို့ ဒီပွဲမှာ မြောက်အိုင်ယာလန်ရဲ့ လျင်မြန်တဲ့ ကစားကွက်အောက်မှာ နစ်မြုပ်သွားမလားကြည့်ရမှာပါ။ ဒီနှစ်သင်းဟာ မြောက်အိုင်ယာလန်ကွင်းမှာ ကစားခဲ့စဉ်က မြောက်အိုင်ယာလန်က လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တာမို့ အခုပွဲမှာလည်း အဇာဘိုင်ဂျန်တို့ပဲ ရှုံးပွဲကြုံတွေ့ရမယ့်ကိန်းပါပဲ။

**ကာဇက်စတန်နှင့် ဒိန်းမတ်**

အုပ်စု(E)မှာ ဒိန်းမတ်တို့ အရေးတစ်ကြီး အမှတ်လိုအပ်နေပြီဖြစ်ပါတယ်။ ငါးပွဲကစားပြီးချိန်မှာ ခုနစ်မှတ်သာရရှိထားပြီး အုပ်စု တတိယနေရာမှာရှိနေတာမို့ ခြေစစ်ပွဲအောင်ဖို့ အစွမ်းကုန် ကြိုးစားရဦးမှာဖြစ်ပါတယ်။ ဒိန်းမတ် တိုက်စစ်က အားရစရာတော့ မရှိပေမယ့် အားထုတ်မှုကောင်းပြီး ပြိုင်ဘက်ခံစစ်မှူးတွေကို ရဲရဲဝံ့ဝံ့ကျော်ဖြတ်နိုင်သူတွေပါပဲ။ ကာဇက်စတန်တို့ကလည်း ခြေစွမ်းက ဆက်တိုက်ကျဆင်းနေပြီး ငါးပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးဘဲ၊ သရေ နှစ်မှတ်သာရရှိထားပါတယ်။ ဒီပွဲမှာ ပထမအကျော့ ဒိန်းမတ်က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူခဲ့သလို အခုပွဲမှာလည်း ဒိန်းမတ်တို့ပဲ နိုင်ပွဲရဦးမှာပါ။

**စကော့တလန်နှင့် အင်္ဂလန်**

အုပ်စု(F)မှာ အင်္ဂလန်တို့ ငါးပွဲကစား၊ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိနဲ့ ၁၃ မှတ်ရရှိပြီး အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ အင်္ဂလန်တို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းကလည်း တောင့်တင်းနေတာမို့ စကော့တလန်တို့အတွက် ခဲယဉ်းတဲ့ပွဲဖြစ်လာပါလိမ့်မယ်။ စကော့တလန်တို့ကလည်း ခြေစစ်ပွဲ အောင်ဖို့ မျှော်လင့်ချက်ရှင်သန်နိုင်ရေးအတွက် ဒီပွဲကို မဖြစ်မနေအနိုင်ကစားဖို့ ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် စကော့တလန်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အင်္ဂလန်တိုက်စစ်မှူးတွေရဲ့ ဖြတ်ကျော် ဂိုးသွင်းခံရမှုနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အင်္ဂလန်တို့ကတော့ ခြေစစ်ပွဲအောင်ဖို့ သေချာမှုပိုရှိအောင် ဒီပွဲကို မဖြစ်မနေ အနိုင်ကစားပြီး ဂိုးပြတ်လည်း သွင်းယူပါလိမ့်မယ်။ ပထမအကျော့ တွေ့ဆုံစဉ်က အင်္ဂလန်တို့က သုံးဂိုးပြတ် သွင်းပြီး အနိုင်ယူခဲ့တာမို့ အခုပွဲလည်း အင်္ဂလန်တို့ပဲ အောင်ပွဲခံပါလိမ့်မယ်။

**လစ်သူယေးနီးယားနှင့် ဆလိုဗက်ကီးယား**

အုပ်စု(F)မှာ ဆလိုဗက်ကီးယားတို့က ငါးပွဲကစားပြီး ကိုးမှတ်ရရှိထားပါတယ်။ လစ်သူယေးနီးယားတို့ကတော့ ငါးပွဲကစား၊ ငါးမှတ်သာရရှိထားပြီး ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်က နည်းပါးနေပြီဖြစ်ပါတယ်။ ဆလိုဗက်ကီးယားတို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းကလည်း လုံခြုံမှုရှိပါတယ်။ ပထမအကျော့ ဆလိုဗက်ကီးယားကွင်းမှာ ကစားခဲ့စဉ်က လေးဂိုးပြတ်သွင်းပြီး ဆလိုဗက်ကီးယားတို့ အနိုင်ယူခဲ့တာမို့ အခုပွဲမှာလည်း လက်ရှိခြေစွမ်းအရ လစ်သူယေးနီးယားတို့ နိုင်ပွဲကို မျှော်လင့်လို့ မရနိုင်ပါဘူး။ ဆလိုဗက်ကီးယားတို့ အောင်ပွဲခံဦးမယ့်ပွဲပါပဲ။ ။

**မိုးမြင့်လင်းလက်**



# လီဗာပူးက ခေါ်ယူဖွယ်ရှိနေတဲ့ နောက်တန်းလူ ဗန်ဒစ်

နောက်တန်းကစားသမား ဗန်ဒစ်ဟာ လာမယ့်ရာသီမှာ ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းကို ကမ္ဘာ့အမြင့်ဆုံး နောက်တန်းကစားသမား စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖွယ်ရှိနေပါတယ်။ နောက်တန်းကစားသမား ဗန်ဒစ်ကို နည်းပြဂျာဂျင်ကလော့က အလိုရှိနေတာပါ။ အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ကလည်း အသက် ၂၅ နှစ်အရွယ်ရှိတဲ့ နောက်တန်းကစားသမား ဗန်ဒစ်ကို ခေါ်ယူဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် လီဗာပူးကတော့ ခေါ် ယူဖို့ သေချာနေပါတယ်။ ပေါင်သန်း ၆၀ နဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။ ဒီပြောင်းရွှေ့ကြေးမှာ ဂျွန်စတုန်းကို မန်စီးတီးက အဲဗာတန်မှ ခေါ်ယူခဲ့တဲ့ ပြောင်းရွှေ့ကြေးထက် ပေါင် ၁၀ သန်းကျော် ပိုပါတယ်။ ဗန်ဒစ်ဟာ လီဗာပူးအပါအဝင် ပရီမီယာလိဂ် ထိပ်တန်းကလပ်တွေ ပစ်မှတ်ထားနေတဲ့ နောက်တန်းကစားသမားဖြစ်ပါတယ်။ ဗန်ဒစ်ကို တစ်ပတ် ပေါင် ၁၈၀၀၀၀ နဲ့ ငါးနှစ် စာချုပ်ဖို့ လီဗာပူးက ကမ်းလှမ်းထားပြီဖြစ်ပါတယ်။





# ပေါင် နှစ်သန်းစီရဖို့ မျှော်လင့်နေတဲ့ ရီးရဲမက်ဒရစ် ကစားသမားများ

ရီးရဲမက်ဒရစ်အသင်း ကစားသမားတွေဟာ ချန်ပီယံလိဂ်နဲ့ စပိန်လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ပေါင် နှစ်သန်းစီ ဆုကြေးငွေအဖြစ် ဆုချလိမ့်မယ်လို့ မျှော်လင့်နေပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ စပိန်လာလီဂါနဲ့ ချန်ပီယံလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းမှာ ၅၉ နှစ်တာအတွင်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ကစားသမားတွေဟာ ဒီအောင်မြင်မှုအတွက် ဆုကြေးငွေအဖြစ် ကစားသမားတစ်ဦး ပေါင် နှစ်သန်းစီရရှိလိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ အသင်းရဲ့ ထုံးစံအရ ပြည်တွင်းလိဂ်နဲ့ ဥရောပ ချန်ပီယံလိဂ်ဆုဖလားကို တစ်နှစ်တည်း ဆွတ်ခူးပေးနိုင်ပါက ပေါင် နှစ်သန်းစီ ဆုကြေးအဖြစ် ပေးအပ်ရခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ် တာဝန်ရှိသူတွေကတော့ ကစားသမားတွေကို ဆုကြေးငွေပေးဖို့ စီစဉ်နေပြီလို့ ဆိုပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ စပိန်လာလီဂါနဲ့ ချန်ပီယံလိဂ်ဆုတွေကို တစ်နှစ်ထဲမှာ ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

# ရီးရဲမက်ဒရစ်မှ ထွက်ခွာတော့မယ့် နောက်တန်းကစားသမား ပီပီ

ရီးရဲမက်ဒရစ်အသင်းရဲ့ နာမည်ကြီး နောက်တန်းကစားသမား ပီပီဟာ ၁၀ နှစ်ကြာ ကစားခဲ့ပြီးနောက် အသင်းမှ ထွက်ခွာဖို့ ကြေညာလိုက်ပြီဖြစ်ပါတယ်။ အင်္ဂလန်ကလပ်များက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အတွက် အသင်းမှ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်တယ်လို့ အသက် ၃၄ နှစ်အရွယ်ရှိ ဝါရင့်နောက်တန်းကစားသမား ပီပီကဆိုပါတယ်။ ပီပီဟာ ၂၀၀၇ ခုနှစ်က ပေါ်တိုအသင်းမှ ပေါင် ၂၅ ဒသမ ၅ သန်းနဲ့ ရီးရဲမက်ဒရစ်က ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ပွဲပေါင်း ၃၃၄ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ ပီပီဟာ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ နောက်တန်းမှာ အကောင်းဆုံး ခြေစွမ်းပြ ကစားခဲ့သူလည်း ဖြစ်ပါတယ်။ ပီပီဟာ ၂၀၁၆ ခုနှစ်က ပေါ်တူဂီအသင်းနဲ့အတူ ယူရို ၂၀၁၆ ဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ၁၀ နှစ်တာအတွင်း ရီးရဲမက်ဒရစ်အသင်းနဲ့အတူ လာလီဂါဖလား သုံးလုံး၊ ချန်ပီယံလိဂ်ဖလားသုံးလုံး၊ ကိုပါဒယ်ရေးဖလား နှစ်လုံး၊ ကမ္ဘာ့ကလပ်ဖလား နှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ လာမယ့်ရာသီမှာတော့ ပရီမီယာလိဂ် ထိပ်သီးအသင်းတစ်သင်းကို ရောက်ရှိလာနိုင်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# လယ်ယာမဲ့တောင်သူ ၆၁ ဦးအား မြေဧက ၂၀၀ ဖော်ထုတ်ပေးအပ်

**ရေဦး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်းမှ လယ်မဲ့ယာမဲ့ တောင်သူများအတွက် ဖော်ထုတ်ပေးခဲ့သော လယ်ယာမြေများကို ဒေသခံတောင်သူများထံသို့ ပေးအပ်ပွဲကို ညောင်နီကန်ကျေးရွာ၌ ဇွန် ၅ ရက်က ကျင်းပခဲ့ကာ တောင်သူပေါင်း ၆၁ ဦးအား လယ်ယာမြေဧက ၂၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများက ကွင်းဆင်းပေးအပ်ခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေနဲ့ တာဝန်ယူချိန် တစ်နှစ်ပြည့်အပြီးမှာ လယ်မဲ့ယာမဲ့တောင်သူ ၃၈၈ ဦး အတွက် လယ်ယာမြေ ဖော်ထုတ်ပေးဝေနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု လယ်ယာမြေများပေးအပ်ပွဲတွင် ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါ လယ်ယာမြေဖော် ထုတ်ပေးအပ်ပွဲတွင် ဝန်ကြီးချုပ်နှင့်အတူ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးတို့က ရေဦးမြို့နယ်အတွင်းမှ လယ်ယာမဲ့ တောင်သူ ၆၁ ဦးအား လယ်ယာမြေ ဧက ၂၀၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များနှင့်အတူ ပေးအပ်ခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခု၌ တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် လယ်ယာမြေ ၉၇၅ ဧကကို စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူ ဖော်ထုတ်ကာ ဒေသခံတောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ ကသာမြို့နယ် မိုးတားကြီးတွင် ဖော်ထုတ်သော ဧက ၅၀ ကို ဒေသခံတောင်သူ ၂၀၊ ချောင်းဝရှိ ဧက ၆၀ ကို တောင်သူ ၄၂ ဦး၊ နောင်ပင်ရှိ ဧက ၉၀ ကို တောင်သူ ၃၀၊ ဖောင်းပြင်မြို့နယ် မံမော်ရှိ ဧက ၂၀၀ ကို တောင်သူ ၁၀၀၊ ဟုမ္မလင်းမြို့နယ် ဟဲခမ်းရှိ ၃၀၅ ဧကကို တောင်သူ ၁၀၀၊ ညောင်ကုန်းရှိ ဧက ၇၀ ကို တောင်သူ ၃၅ ဦးတို့ထံ ပေးအပ်ခဲ့ပြီး ယခု ရေဦးမြို့နယ် ညောင်နီကန်ရွာရှိ ဧက ၂၀၀ ကို တောင်သူ ၆၁ ဦးထံ ပေးအပ်ခြင်းအပါအဝင် စုစုပေါင်း တောင်သူ ၃၈၈ ဦးအား လယ်ယာမြေ ၉၇၅ ဧက နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကိုပါ ပေးအပ်ထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလက်ယာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**ငါးသိုင်းချောင်း ဇွန် ၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ငါးသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက်ရှိ မြို့သစ်ကုန်း အမကကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးအရာရှိဦးသန့်ဇင်နှင့် သစ်တောဝန်ထမ်းများ၊ ဘိနယ်တာဝန်ခံများ၊ ငါးသိုင်းချောင်းမြို့ခွဲတွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဗိုလ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းပါဝင်ခဲ့ကြပြီး မြို့နယ်သစ်တောဦးစီးဌာနမှူးက သစ်ပင်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးမည့်သူများထံ ပေးအပ်ကာ ကျောင်းဝင်းအတွင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ် စသည့် သစ်ပင်မျိုးစုံ ၁၅၈ ပင်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ကွန်ကရစ်ဖြင့် လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်ပို့ချ

**ပခုက္ကူ ဇွန် ၇**

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှ တစ်ခုဖြစ်သည့် ကွန်ကရစ်ဖြင့် လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲကို ဇွန် ၅ ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ကြည်ကြည်မာက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှသင်တန်းသား သင်တန်းသူ ၂၀ အား သံဖိနပ်တိုင်ပြုလုပ်နည်း၊ ကျောက်စည်ပြုလုပ်နည်း၊ ကျောက်ခွေ ပြုလုပ်နည်း၊ ကျောက်တိုင်ပြုလုပ်နည်း၊ ဖြန်းအုတ်ပြုလုပ်နည်း စသည့် ဘာသာရပ်များကို ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထွန်းက ဦးစီး၍ သင်တန်းနည်းပြ နှစ်ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၅ ရက်မှ ၁၉ ရက်အထိ ၁၅ ရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဟားခါးတွင်ကျင်းပ

**ဟားခါး ဇွန် ၇**

တို့ကမ္ဘာမြေတစ်ခွင် သာယာလှပစေဖို့ သဘာဝကို ထိန်းသိမ်းစို့ ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်က ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက ယနေ့ကာလတွင် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုများသည် သက်ရှိလောက ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုဖြစ်၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းကြရမည့် အချိန်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝဂေဟစနစ်ကို ထိန်းသိမ်းရာတွင် ပြည်သူတို့ ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဂေဟစနစ် တည်ငြိမ်ရေးအတွက် သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန်၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်၊ တရားမဝင် သစ်ခုတ်လှဲခြင်းမရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့်စနစ်မှ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ရန်၊ တောမီးရှို့ခြင်းကို ရှောင်ကြဉ်ရန်နှင့် ဒေသမျိုးရင်းဖြစ်သော သစ်ခွများကို တရားမဝင်စုဆောင်းခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်း မပြုလုပ်ကြရန်တို့ကိုလည်း ဝန်ကြီးက မှာကြားပြီး ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ ထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး



**ကလေး ဇွန် ၇**

၂၀၁၄ ခုနှစ် ဧပြီလက ကောက်ယူခဲ့သော ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ အချက်အလက်များ မြို့နယ်အဆင့် ထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၅ ရက်က ကလေးမြို့နယ် စုပေါင်းရုံးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ခရိုင်အတွင်းမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သန်းခေါင်စာရင်း နောက်ခံအကြောင်းအရာနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကိုးကွယ်သည့်ဘာသာဆိုင်ရာ အချက်အလက်များ၊ ပညာရေးဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ မသန်စွမ်းအကြောင်းအရာများ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းအကြောင်းအရာများ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား အကြောင်းအရာများ စသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်များစိုက်ပျိုး

**မိုးမောက် ဇွန် ၇**

ကချင်ပြည်နယ် မိုးမောက်မြို့ အောင်သာကုန်းကျေးရွာ အလက(ခွဲ)ကျောင်းဝင်းအတွင်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းမင်းအေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က သစ်ပင်စိုက်ပျိုးမည့် အဖွဲ့များအား ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။ ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက ကျွန်း၊ ခရေ၊ သဘော်၊ ပျဉ်းကတိုး၊ မဲဇလီ၊ ပိတောက်၊ ကံ့ကော်၊ ငုရွှေဝါစသည့် သစ်ပင်မျိုးစုံ အပင် ၇၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများအတွက် မိုဘိုင်းစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇွန် ၅ ရက်က သွားရောက်ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာယဉ်နှင့် သင်တန်းနည်းပြ ဆရာမများ၊ သင်တန်းသူများက စာအုပ်များ လာရောက်ဖတ်ရှု ငှားရမ်းနေစဉ်**

စိုးလင်းနိုင်(ပြန်/ဆက်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)ရှိ Main Unit အဆောက်အအုံ Hydraulic Pallet (2)Ton (750 Ton) ဆံ့ $H_2O_2$ Storage Tank (2)Nos နှင့် ဓာတုကုန်ကြမ်းပစ္စည်း (၂၁)မျိုးအား ရောင်းချလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)၊ ဖုန်း-၀၆၇-၄၀၈၂၈၇၊ ၀၆၇-၄၀၈၃၇၅၊ ၀၉-၇၉၀၄၇၇၉၂၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ရက်** - ၈-၆-၂၀၁၇ရက် နံနက် ၀၉း၃၀ နာရီ
**တင်ဒါပိတ်ရက်** - ၇-၇-၂၀၁၇ရက် ညနေ ၁၆း၀၀ နာရီ

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အောက်ဖော်ပြပါရုံးသုံးစက်ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် စုပေါင်းဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် | အမျိုးအစား |
|---|---|---|---|
| ၁။ | Server | (၁)စုံ | (၁)မျိုး |
| ၂။ | Scanner | (၁၄၄)လုံး | (၄)မျိုး |
| ၃။ | Fax | (၃၅)လုံး | (၄)မျိုး |

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၉-၆-၂၀၁၇ ရက်မှ ၂၀-၆-၂၀၁၇ ရက်ထိ(ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(စီမံရေးရာဌာန)၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၇-၂၀၁၇ ရက်ညနေ၁၆း၃၀နာရီ
၅။ အသေးစိတ်သိရှိလိုပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (စီမံရေးရာဌာန)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်အသီးသီးမှ အိမ်ရာစီမံကိန်းတိုက်ခန်းများကို ဝယ်ယူခွင့်ရရှိသူများအနက် အကြောင်းကြားစာတွင် ဖော်ပြထားသော သတ်မှတ်ကာလအတွင်း တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းရန် ပျက်ကွက်နေသူများ ဤကြော်ငြာသတင်းစာတွင်ပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ဌာနသို့ လာရောက်ဆက်သွယ်ပေးသွင်းကြရန်နှင့် ပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်ဖျက်သိမ်းမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဝယ်ယူခွင့်ပယ်ဖျက်မည့်အိမ်ရာစီမံကိန်းများ**
(က) ပုဇွန်တောင်မြို့နယ်၊ ဗန္ဓုလအိမ်ရာ
(ခ) ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၄)လမ်းအိမ်ရာ
(ဂ) ကျောက်တံတားမြို့နယ်၊ ၃၈လမ်းအိမ်ရာ
(ဃ) ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းအိမ်ရာ
(င) ဗိုလ်တထောင်မြို့နယ်၊ ၅၁လမ်းအိမ်ရာ
(စ) ဗိုလ်တထောင်မြို့နယ်၊ အနော်ရထာအိမ်ရာ
(ဆ) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်အိမ်ရာ
(ဇ) လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာ

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၇၀၃၊ ၀၁-၃၉၂၅၂၄**

---

**ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံများ ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း**

ကရင်ပြည်နယ်၊ အဆောက်အအုံဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံဦးစီးဌာနသို့ အပ်နှံသည့် အခြေခံပညာကျောင်းများဆောက်လုပ်ခြင်းလုပ်ငန်းအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် (မြန်မာကျပ်ငွေဖြင့်) အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါ သည်။

(၁) **တင်ဒါအဆိုပြုလွှာရယူနိုင်သည့်ရက်** - ၈-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(၂) **တင်ဒါအဆိုပြုလွှာရယူနိုင်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့
(၃) **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်/အချိန်**
(က) **ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်စံချိန်စံညွှန်းများအဆိုပြုလွှာ** - ၃-၇-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီ
(ခ) **အဆောက်အအုံလုပ်ငန်းတန်ဖိုးအဆိုပြုလွှာ** - ၅-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(၄) **တင်ဒါဖွင့်သည့်ရက်/အချိန်** - ၅-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(၅) **တင်ဒါဖွင့်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ကရင်ပြည်နယ်၊ ဘားအံမြို့

**မှတ်ချက်**
အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ အဆောက်အအုံဦးစီးဌာန ဆက်သွယ်ရန်ဖုန်း -၀၉-၄၉၃၂၉၁၄၃၊ ၀၉-၇၉၇၉၃၀၀၁၉ တို့တွင် လေ့လာစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကရင်ပြည်နယ်၊ အဆောက်အအုံဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1A/8850 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၄ယ/၉၃၇၇၃ ယာဉ်အမည်ပေါက်သူ Kanbo Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးသုတေသနဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးနှင့် ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၁၂၈၊ ၀၉-၅၁၃၆၇၁၀နှင့် ၀၉-၅၁၃၆၇၀၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်
(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၄-၇-၂၀၁၇ရက် မွန်းတည့်၁၂နာရီ
(ဂ) **ရောင်းချမည့်နေရာ** - ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးနှင့်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့**

---

**တောင်သာမြို့နယ်အသင်း(ရန်ကုန်)**

တတိယအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ ပြုလုပ်မည်ဖြစ်ပါ၍ (၃၁.၁၂.၂၀၁၆) နေ့တွင် အသက်(၈၅) နှစ်ပြည့်ပြီးသူ အသင်းဝင်များနှင့်အသင်းဝင်များ၏ မိသားစုဝင်အတူနေ ဘိုးဘွားများစာရင်းကို အတွင်းရေးမှူးဖြစ်သူ ဦးလှမော်၊ အမှတ်-၁၄၄/ခ၊ (၈)လွှာ၊ လမ်း(၅၀)၊ ပုဇွန်တောင် မြို့နယ်၊ ၀၉-၄၄၈၀၀၀၂၄၁၊ ၀၉-၇၉၅၃၁၅၁၀၀၊ ၀၉-၉၇၅၅၆၂၇၄၃ ထံသို့(၁၇.၆.၂၀၁၇)နေ့ နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးပို့ကြရန် အသိပေးနှိုး ဆော်အပ်ပါသည်။
(အမှုဆောင်အဖွဲ့)

---

**ဆရာ ဦးမောင်မောင်စိုး**
**(Dip in Korean Language)**
**Scoul National University**
**မှ ဦးစီးသည့်**
WOORI HEEMANN
**ကိုရီးယားဘာသာ သင်တန်းကျောင်းမှ**
**EPS -TOPIK (၁၂) ကြိမ်တန်းခွဲသစ်အား**
**၁၉-၆-၂၀၁၇ရက် (တနင်္လာနေ့)တွင် ဖွင့်မည်။**
**အမှတ်(၆၀)၊ သုံးလွှာ (A)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၆၆၀၉၄၂၀၊ ၀၉-၇၉၉၈၆၀၂၅၁၊ ၀၉-၄၂၁၀၄၁၆၈၉**
**မအူပင်မြို့နှင့်တွံ့တေးမြို့တွင်လည်း မကြာမီဖွင့်မည်။**

---

## ပြည်တွင်း၌သာ ခန့်ထားရန်

| | | | |
|---|---|---|---|
| ၁။ | Office Staff (လှိုင်သာယာ) | မ | (၅)ဦး |
| ၂။ | အရောင်းဝန်ထမ်း | မ | (၁၀)ဦး |
| ၃။ | Marketing | မ | (၁၀)ဦး |
| ၄။ | စာစီစာရိုက်ကျွမ်းကျင် | မ | (၅)ဦး |
| ၅။ | အလုပ်သမားကြီးကြပ် | ကျား | (၁၀)ဦး |
| ၆။ | အထွေထွေလုပ်သား | ကျား | (၁၀)ဦး |
| ၇။ | အလုပ်ကြမ်း | ကျား | (၁၅)ဦး |

လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။
အမှတ်စဉ်အားလုံးအတွက် လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။
လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်/ သန်းခေါင်စာရင်း/ အလုပ်သမားမှတ်ပုံတင်/ မိတ္တူ/ ရဲစခန်းထောက်ခံစာ/ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။
**လျှောက်ထားရန်လိပ်စာ**
**အမှတ်(၂၄၄/၂၄၆)ကုန်ဈေးတန်းလမ်း(အလယ်)**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၄၂၀၅၃**

---

## အမည်ပြောင်း

ဦးကျော်မြင့်၏သမီး နေပြည်တော်၊ လယ်ဝေးမြို့၊ ချမ်းသာကြီးရပ်ကွက်နေ ဒေါ်မြင့်သန်းဦးအား ယနေ့မှစ၍ ဒေါ်သန်းသန်းနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဒေါ်သန်းသန်းနွယ်**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အထက (၂) (သော်ကကျောင်း) တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းကိုနိုင်(၁၃၇/၁၂)၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်အောင် ၁၂/ကတန(နိုင်) ၁၃၂၉၃၆ ဖြစ်ပါကြောင်း။
**ဦးရန်နိုင်အောင်**

## ဖခင်အမည်မှန်

သန်လျင်မြို့၊ စစ်ပင်ကွင်း(မူလွန်) ပထမတန်းမှ မစုလတ်ဖြူ၏ ဖခင်အမည်မှန် ဦးသိန်းနိုင် ၁၂/သလန(နိုင်)၀၂၂၇၉၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြောက်ဦးမြို့၊ တောင်ရပ်၊ ရပ်ကွက်(၃)နေ ဒေါ်ဦးမြင့်ရွှေ ၁၁/မဥန(နိုင်) ၀၃၃၉၇၇၏သမီး အထက(၂) မင်းသားကျွန်း အဌမတန်းမှ မစုအိကျော်အား မစုမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
**မစုမြတ်ကျော်**

## မြေညီထပ်ငှားမည်

**လသာမြို့နယ်၊ လသာလမ်း၊ (အထက်လမ်း) မြန်မာနိုင်ငံစာစစ်ရုံး၊ မျက်စောင်းထိုး ပေ(၁၂½×၆၀) မြေညီထပ် - ၂၂ သိန်း ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပညာလွန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးချစ်ရွှေ ၉/ကပတ (နိုင်)၀၇၈၀၉၅ ဖြစ်ပါကြောင်း။ **ဦးချစ်ရွှေ**

## အမည်ပြောင်း

ဦးမျိုးမင်းအောင် ၇/ကပက(နိုင်) ၀၆၄၇၂၄၏သား ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းကုန်းကြီးကျေးရွာ အထက (ခွဲ) ပထမတန်းမှ မောင်သီဟဉာဏ်ထက်အား မောင်ဟိန်းဝေဇင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဟိန်းဝေဇင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်း၊ မြိုင်သာယာ(၃) နေ ဦးမွတ်သား ၁၂/သလန(ပြု)၀၀၂၃၇၆နှင့် ဦးလှမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမောင်ဘသိန်း၏သမီး အထက (၁)စစ်တွေ တက္ကသိုလ်ဝင်တန်း(င)မှ မသန်းမေအား မသန်းသန်းဟု ပြောင်းလဲခေါ်ပါရန်။
**မသန်းသန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်နိုင်ကို ၁၄/ဟသတ(နိုင်)၂၅၆၁၇၅ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၀၈၇၀၄၃**

## မွေးသက္ကရာဇ်အမှန်

ဦးဇော်လင်း ၅/မမတ(နိုင်)၀၀၅၈၇၂ ၏သမီး နေပြည်တော် ဇမ္ဗူသီရိမြို့၊ အထက (၅) ပဥ္စမတန်းတွင် တက်ရောက်နေသော မမိုးနေခြည်ခင်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁-၂၀၀၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်မျိုးထွန်း ၇/ကပက(နိုင်) ၀၈၃၃၆၂၏သား ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းကုန်းကြီးကျေးရွာ၊ အထက (ခွဲ) ပထမတန်းမှ မောင်ဈာန်လင်းထက်အား မောင်ဟန်မင်းသွင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဟန်မင်းသွင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းအေဝမ်း ၁၀/ခဆန(နိုင်)၀၆၀၈၂၇ ၏ (Passport-No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၃၅၀၂၁၆၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်ဝင်း ၁၁/ရသတ(နိုင်)၀၇၂၈၂၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၀၂၀၈၁၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၆ (ကြော်ငြာ) ကန့်ကွက်နိုင်ကြောင်း (ကြော်ငြာ)တွင် မြေကွက်အမှတ် ၅၉/၁၅၉ အစား မြေကွက်အမှတ် ၁၉၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9045 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/1332 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/6469 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3783 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အနူးအညွတ်တောင်းပန်အပ်ပါသည်

29 April 2017 ည ၉ နာရီတွင် Eclipse သို့သူငယ်ချင်းများနှင့်အတူ လာရောက်စားသုံးသော Dr.ချန်းကျောအား Security မှ နားလည်မှုလွဲမှား၍ ကိုယ်ထိလက်ရောက်စော်ကားမှုဖြစ်ပွားခဲ့ပါသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ Eclipse မှ တာဝန်ရှိလူကြီးများနှင့် ဝန်ထမ်းများမှ တာဝန်ယူဖြေရှင်းခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည့်အပြင် Eclipse ၏လူမှုကွန်ရက်စာမျက်နှာတွင် သတင်းများကို မှားယွင်းစွာထုတ်ပြန်မှုကြောင့် Dr.ချန်းကျော၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခဲ့ပါသည်။

သို့ဖြစ်ပါ၍ Dr.ချန်းကျော အပါအဝင် သူငယ်ချင်းများ၏ ဂုဏ်သိက္ခာညှိုးနွမ်းမှုနှင့် စိတ်ပိုင်းဆိုင်ရာ နစ်နာမှုများအပေါ် Eclipse Bar & Restaurant မှတာဝန်ရှိသူများနှင့် Management Team မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။ Eclipse Management Team မှလည်းအလားတူကိစ္စရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရန်အတွက်လည်း ကတိပြုပါသည်။

Eclipse Bar & Restaurant မှ တာဝန်ရှိသူများ၏ တောင်းပန်မှုအပေါ် Dr. ချန်းကျောနှင့်အဖွဲ့မှ လက်ခံကျေအေးပြီးဖြစ်၍ နှစ်ဦးနှစ်ဖက်ပြေလည်မှုအထိမ်းအမှတ်အဖြစ် အလှူဒါနပွဲလေးတစ်ခု ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**Management Team**
**Eclipse Bar & Restaurant**

---

**ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။**

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒဂုံတောင် | ၆၆ | A -၇၂ | ဒေါ်မျိုးဖြူစင် | ဒေါ်ဖိန်းရင် | ၁၃/လရန(နိုင်)၀၆၁၂၃၅ | |
| ၂ | ဒဂုံတောင် | ၆၆ | B -၁၅ | ဦးသန်းမြင့် | ဦးနိုးဝေ | ၁၃/ကတန(နိုင်)၀၉၆၀၃၇ | |
| ၃ | ဒဂုံမြောက် | ၂၇/၄ | ၆၉ | ဦးတင်ဦး(ခ)ဦးထွေး | ဒေါ်ခင်နန္ဒာမြင့် | ၁/မကန(နိုင်)၀၁၂၃၄၉ | |
| ၄ | သန်လျင် | အောင်ချမ်းသာ တိုးချဲ့ | ၄၀၁ | ဗိုလ်မှူးအောင်မြတ်သိန်း | ဦးကျော်ထွန်းဦး<br>မောင်အေးမင်းဦး | ၁၂/ပဘတ(နိုင်)၀၀၁၂၁၀<br>၁၂/စခန(နိုင်)၀၇၈၈၇၁ | |
| ၅ | သန်လျင် | အောင်ချမ်းသာ တိုးချဲ့ | ၄၀၂ | ဦးလှထွန်း/ဦးအောင်မင်းထွဋ် | ဦးကျော်ထွန်းဦး<br>မောင်အေးမင်းဦး | ၁၂/ပဘတ(နိုင်)၀၀၁၂၁၀<br>၁၂/စခန(နိုင်)၀၇၈၈၇၁ | |
| ၆ | သန်လျင် | ဘုရားကုန်း(အဆင့်၁) | ၆၅ | ဦးဝင်းဇော်ဦး/ဦးဝေဖြိုးသန့် | ဦးဝေဖြိုးသန့် | ၁၂/သလန(နိုင်)၁၃၂၃၀၆ | |
| ၇ | လှိုင်သာယာ | ၂၀ | K3၊K 4 | ဒေါ်နန်းလီ | ဦးသိန်းဟန်ကြည်+၄ | ၉/မဟမ(နိုင်)၀၁၀၀၅၉ | |
| ၈ | လှိုင်သာယာ | ၂၀ | L-7၊L-8 -L9 | ဒေါ်မဋ္ဌူသင်း | ဒေါ်သက်ထားအောင် | ၁၄/မအန(နိုင်)၁၈၁၆၈၄ | |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

# ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှနုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ ကို ၂၂-၅-၂၀၁၇ ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်ပါသည်။

၄။ အဆိုပါအမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့်ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းမပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍ နုတ်ယူရန် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅ သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ်ငါးသိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း **နုတ်ယူပေးသွင်းရန်** မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်ဌာနများအတွက် (က) စက်ဆီချောဆီ၊ (ခ) တာယာဆိုဒ်စုံ၊ (ဂ) ဘက်ထရီဆိုဒ်စုံ၊ (ဃ) Projector & Screen တို့အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၇ ရက်မှ ၇-၇-၂၀၁၇ ရက် ရုံးချိန်အတွင်း
(ခ) **တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ/တင်သွင်းရမည့်နေရာ** - ဖြည့်တင်းရေးဌာနခွဲ၊ ဆည်/ရေဦးစီးဌာန ရုံးအမှတ်(၄၃)၊ နေပြည်တော်

၂။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၀၁၉ နှင့် ဒု-ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၂၂)ဖွဲ့နှင့် မြို့နယ်ခွဲ (၁)ဖွဲ့တို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကျပ်သိန်း(၁၀၀)နှင့်အထက် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ကျပ်သိန်း(၁၀၀)နှင့်အထက် လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရှိ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ တင်ဒါအဆိုပြုလွှာနှင့်အတူ ဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။ တစ်မြို့နယ်ချင်းအလိုက် ကျပ်သိန်း(၁၀၀)နှင့်အထက် လုပ်ငန်းအသေးစိတ်စာရင်းများအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအား ၅-၇-၂၀၁၇ ရက် နံနက် ၉:၀၀ နာရီတွင် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးများ၌ ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၂-၅၇၀၀၃၊ ၅၇၀၀၄၊ ၅၇၀၀၅**

---

**ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန**
**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော**
**တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနလက်အောက်ရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် လမ်းခင်းကျောက်ရွယ်စုံ၊ သံချောင်းရွယ်စုံ၊ ဘိလပ်မြေ၊ ကတ္တရာနှင့် (အခြား)လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၂-၆-၂၀၁၇ ရက်မှ ၂၇-၆-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း) |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန (ပဲခူးခရိုင်-ပဲခူးမြို့/တောင်ငူခရိုင်-တောင်ငူမြို့ သာယာဝတီခရိုင်-သာယာဝတီမြို့/ ပြည်ခရိုင်-ပြည်မြို့) |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - | ၂၇-၆-၂၀၁၇ ရက် (အင်္ဂါနေ့) |
| **အချိန်** | - | ၁၆:၃၀ နာရီ |
| **နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက်** | - | ၂၉-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်အချိန်** | - | ၀၉:၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၁၂-၆-၂၀၁၇ ရက်မှ ၂၇-၆-၂၀၁၇ ရက်ထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)လမ်းဦးစီးဌာန၊ ပဲခူးမြို့ | ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၀၅၂-၂၂၂၁၅၂၃ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးခရိုင် | ဖုန်း-၀၅၂-၂၂၂၁၄၉၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ငူခရိုင် | ဖုန်း-၀၅၄-၂၃၇၂၅၊ ၀၅၄-၂၃၆၉၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သာယာဝတီခရိုင် | ဖုန်း-၀၅၅-၃၀၀၇၃၊ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | ဖုန်း-၀၅၃-၂၄၂၄၂ |

---

## ပြင်ဆင်သတ်မှတ်ခြင်း

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများကို နောက်ဆုံးပေးသွင်းရန်အတွက် ၁၉-၅-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင် ပါရှိသော မူလသတ်မှတ်ထားသည့် ၂၀-၆-၂၀၁၇ရက်အစား ၃၀-၆-၂၀၁၇ ရက်သို့ ပြောင်းလဲ ပြင်ဆင်သတ်မှတ်ကြောင်း ကြော်ငြာပါသည်။

**တင်ဒါကော်မတီ**
**ဖုန်း-၀၆၃-၂၈၆၅၈၊ ၀၉-၂၅၉၀၃၂၆၆**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၁/၂၀၁၇-၂၀၁၈)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရရှိသော တိုင်းဒေသကြီး/ပြည်ထောင်စုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများအား သက်ဆိုင်ရာ လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လပွတ္တာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၆-၆-၂၀၁၇ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၆-၇-၂၀၁၇ ရက်၊ ကြာသပတေးနေ့၊ ညနေ ၄:၃၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | လပွတ္တာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လပွတ္တာမြို့သစ် (၃)မိုင် |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၇-၇-၂၀၁၇ ရက်၊ သောကြာနေ့၊ နံနက် ၁၀:၀၀ နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၇-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**လပွတ္တာခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၄၂-၈၃၀၄၇**

---

## အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အမှတ်(၁၂၄)နေ ဦးမင်းဇော် ၁၀/မလမ(နိုင်)၀၃၈၅၀၆ နှင့် ဦးခင်မောင်ထွေး ၁၀/မလမ(နိုင်) ၁၆၉၄၇၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်တော်တို့နှင့်တစ်အိမ်တည်းနေ အစ်ကိုဖြစ်သူ ဦးဇော်နိုင်ဦး(ခ)ဦးရာဂျူး ၁၀/မလမ(နိုင်)၀၃၈၅၀၉သည် ကျွန်တော်တို့နှင့်တစ်အိမ်တည်း အတူနေထိုင်သော်လည်း မည်သည့်လုပ်ငန်းမျှလုပ်ကိုင်ခြင်းမရှိဘဲ ၎င်းထံမှ ငွေရရန်ရှိသူများသည် ကျွန်တော်တို့ထံ လာရောက်တောင်းဆိုသဖြင့် ကျွန်တော်တို့မှ အစ်ကိုဖြစ်သူ မျက်နှာငယ်မှာစိုး၍ အကြိမ်ကြိမ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဦးဇော်နိုင်ဦး(ခ)ဦးရာဂျူးထံမှ ငွေရရန်ရှိသူများသည် ဤကြော်ငြာစာပါရှိပြီးသည့်ရက်မှစ၍ ကျွန်တော်တို့မှ တာဝန်မယူတော့ကြောင်းနှင့် ကျွန်တော်တို့အိမ်တွင် လာရောက်တောင်းယူခြင်းမပြုရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့် (LL.B, H.G.P)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)**
**ဦးပြည့်ဖြိုးဟိန်း (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၄၅၀၁၂)**
**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၈၇၀၀၇၄၉၊ ၀၉-၉၇၅၂၆၁၈၆၅**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## (တင်ဒါခေါ်ယူခြင်း)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အမှုထမ်းနေအိမ် (၄)ခန်းတွဲ RC(၃)ထပ် (၁)လုံး (၈၈'×၃၄'×၃၅')
ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်း နောင်အင်အနောက်မြောက်ရပ်ကွက်၊ အေးသာယာမြို့

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် ဌာနမှ သတ်မှတ်ရောင်းချပေးသည့် တင်ဒါလျှောက်လွှာတွင် ပူးတွဲပါရှိသည့် အချက်အလက်များအတိုင်း ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် ဆောက်လုပ်မည့်ဒီဇိုင်းပုံစံ၊ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး၊ ၁၇-၇-၂၀၁၇ရက် (တနင်္လာနေ့) ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၈၁၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ မအိဂျူလီ၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိုးစက် ၁၃/ဖခန(နိုင်)၀၃၅၅၄၅ ဖြစ်ပါကြောင်း။

**ဦးအိုက်စိုးစက်**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၃)၊ သတ္တမတန်း(B)မှ မဖလော်ရင်နာ၏ ဖခင်အမည်မှန်မှာ ဦးစန်းကိုမို ၁၃/ဖခန(နိုင်)၀၂၂၇၃၃ ဖြစ်ပါကြောင်း။

**ဦးစန်းကိုမို**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက(၁)၊ သတ္တမတန်း(H)မှ မောင်ဖြိုးမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/မထလ(နိုင်)၀၀၃၈၁၃ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့ဈေး အရှေ့ပြင်ရပ်နေ ဦးဘိုလေး-ဒေါ်ဌေးဌေးတို့၏ သမီး မပွင့်ဖြူဖွေးသည် မိဘ ဆိုဆုံးမစကားနားမထောင်ဘဲ မိဘဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအား လုံးဝတာဝန်မယူပါ။

**ဦးဘိုလေး-ဒေါ်ဌေးဌေး**
**ဈေးအရှေ့ပြင်ရပ်၊ မိတ္ထီလာ**

---

## လယ်မြေ ရောင်းရန်ရှိသည်

ရန်ကုန်တိုင်းဒေသကြီး(မြောက်ပိုင်း) လှည်းကူး-ဖောင်ကြီးလမ်းမဘေး၊ ကျောက္ကဒင်းကျေးရွာအုပ်စု၊ မိကျောင်းအိုင်ကွင်း၊ ဦးပိုင်မြေကွက်အမှတ် ကျပြီး၊ ပုံစံ(၁၀၅)၊ ပုံစံ(၇)ရပြီး ပိုင်ရှင်အမည်ပေါက်၊ ဘေးပတ်လည်ဝန်းကျင်တွင် ကိုရီးယားစက်ရုံများတည်ဆောက်နေ၍ ဆည်မြောင်းကုန်ထုတ်လမ်းမနှင့် မေးတင်၊ ၁၂ ဧက မြေကွက်အား ခွဲ၍ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ရောင်းဈေး တစ်ဧကလျှင် သိန်း(၁၅၀) (ညှိနှိုင်းဈေး)**
**ဖုန်း-၀၉-၉၇၃၇၄၇၁၇၈၊ ၀၉-၂၅၀၀၁၂၈၀၈၊ ၀၉-၇၈၅၅၂၆၂၆၁၂**

---

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

လားရှိုးမြို့၊ ရှမ်းပြည်နယ်တွင်အောက်ဖော်ပြပါ မော်တော်ယာဉ်များအား ရောင်းချလိုသဖြင့် ချိတ်ပိတ်တင်ဒါ ကိုဖိတ်ခေါ် အပ်ပါသည်။

1.TOYOTA Hiace, White, 3000cc, 164330 KM,
1997 / 2000 ရုပ်ပြောင်း

တင်ဒါပိတ်ရက် - ၂၀-၀၆-၂၀၁၇

တင်ဒါပုံစံ နှင့် တင်ဒါစည်းကမ်းများကို အောက်ပါလိပ်စာတွင်ထုတ်ယူနိုင်ပြီး၊ အသေးစိတ် စုံစမ်း လို ပါက-
အမှတ် ၈ (၁၂၁၃)၊ ဘုန်းကြီးကျောင်းလမ်း၊ ၈ ရက်ကွက်၊ လားရှိုးမြို့၊
ဖုန်း- ၀၈၂-၂၅၁၂၄ ဆက်သွယ်နိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၁)** **၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၇ရက်မှ ၅-၇-၂၀၁၇ရက် နံနက် ၉း၀၀ နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၆-၇-၂၀၁၇ရက်၊ မွန်းတည့် ၁၂နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်နှင့် အချိန်** - ၇-၇-၂၀၁၇ ရက်၊ ၁၃း၃၀ နာရီ

(င) **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ လင်းခေးခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၈၇၀၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိရှိစေရန် အသိပေးကြေညာခြင်း

